
www.dhammaransi.com

# အသေဖြတ်ချင် သေနည်းသင်

## မေတ္တာရှင်

(ရွှေပြည်သာ)



www.dhammaransi.com

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

# ' အသေမြတ်ချင် သေနည်းသင် '

မေတ္တာရှင်-ရွှေပြည်သာ

၁၃၅၈-တန်ဆောင်မုန်းလဆုတ် ၁၄-ရက်

❀ ❀ ❀ ❀ ❀

* ပုခက်နှင့်ဝေးသမျှ၊

မဝေးလှသုသာန်၊

ပြေးမရဆုတ်ခံတယ်၊

လုပ်ကြံလို့လွတ်ပဲ၊

ပဋိစ္စသမုပ္ပန်ကို၊

သမ္ဗုဒ္ဓံဟောမြွက်ကပဲ၊ ဇာတိဟုရှိပါလျှင်၊ စုတိမှာမလွဲ၊

ပုဒိအာတုမရဲသော်မှ၊ အမှုတွဲပါဝင်၊

မယ်မာယာတစ်သာကီတွင်မှ၊ သူ့ဇာတိစခဲ့သည်ပင်၊

www.dhammaransi.com



# အသေမှတ်ချင် သေနည်းသင်

မေတ္တာရှင်
(ရွှေပြည်သာ)

ဖြန့်ချိရေး
ကိုစိုးတင့်
"ရွှေပြည်သာစာပေ"
ဖုန်း/ ၀၉-၅၀၁-၆၆၆၃၊ ၀၁-၆၁၁၆၂၂

www.dhammaransi.com


# ပုံနှိပ်မှတ်တမ်း

**ဘာသာရေးစာမူခွင့်ပြုချက်အမှတ်**

၃၂၀၆၀၁၀၈၀၇

**မျက်နှာဖုံးခွင့်ပြုချက်အမှတ်**

၃၂၀၅၅၈၀၉၀၇

**ထုတ်ဝေသူ**

ဒေါ်လေးလေးမိ (တနသ်ာရီစာပေ)

၅၃၊ ဖို့မြေလမ်း၊ မင်္ဂလာတောင်ညွန့်

**ပုံနှိပ်သူ**

ကာလာဖုံ ပုံနှိပ်တိုက်

ဦးဇော်ဝင်းမြင့်

၁၈၄၊(B) ၃၁ လမ်း

**ထုတ်ဝေခြင်း**

ပထမအကြိမ်၊ အုပ်ရေ(၅၀၀၀)

စက်တင်ဘာလ၊ ၂၀၀၇ ခုနှစ်

**ဖြန့်ချိရေး**

ဦးစိုးတင့် (ရွှေပြည်သာစာပေ)

၀၉-၅၀၁-၆၆၆၃

၆၁၁၆၂၂

**တန်ဖိုး**

www.dhammaransi.com



အသီတိရှစ်ဆယ်ဝင်သော်၊
ခေတ်နယ်တွင်ဇာတ်သိမ်းလို့၊
ချုပ်ငြိမ်းတဲ့ပြည်မလွှာ၊ စုတိနှင့်သာ၊
တို့များဖြင့်မသေပါပြီ၊
ကေတထာရှိဘူးဗျလေး…။

'ပထမအဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ သာသနာပိုင်ဆရာတော်ဘုရားကြီး'

ဆရာတော်ကြီး၏တေးထပ်ကိုစကားပြေအကျဉ်းမျှပြဆိုရလျှင် -

"လူသားမှန်သမျှ ပုခက်နှင့်ဝေးပြီး အသက်ကြီး လာသည်နှင့်အမျှ သုသာန်နှင့်ကား နီးသထက်နီး လာခဲ့ရ လေပြီ။ သေခြင်းတရားကို မည်သည့်စစ်တပ်နှင့် စုပြီး ခံသော် လည်း လွတ်ဖို့ရာမရှိပါချေ။ ထို့ကြောင့်လည်း ရှင်တော်ဗုဒ္ဓက ပဋိစ္စသမုပ္ပါဒ်တွင် ဇာတိဟူသော ပဋိသန္ဓေ နေခြင်း (ဖြစ်ခြင်း) ရှိခဲ့လျှင် စုတိဟူသော သေခြင်း (ပျက်ခြင်း) ဖြစ်ရမည် မှာမလွဲဟု ဟောခဲ့ခြင်း ဖြစ်ပေသည်။ သာမန်ပုထုဇဉ်၊ အရိယာ၊ ပစ္စေကဗုဒ္ဓါတို့ကို အသာထား၍ ပုဗ္ဗေနိဝါသာနုဿတိဉာဏ်၊

www.dhammaransi.com



ဒိဗ္ဗစက္ခုဉာဏ်၊ အာသဝက္ခယဉာဏ်ပိုင်ရှင် ဖြစ်တော်မူသော သဗ္ဗညုတဉာဏ်ရှင် ဘုရားရှင်ကိုယ်တော်မြတ်ကြီးသော်မှ မယ်မာယာ၏ဝမ်းတွင် ဇာတိနှင့် စခဲ့ရသဖြင့် မလ္လာမင်းတို့၏ ဥယျာဉ်တွင် သက်တော်ရှစ်ဆယ်၌ စုတိဖြင့် ချုပ်ငြိမ်းခဲ့ရ လေပြီ။

သို့အတွက် တို့များတစ်တွေမှာဖြင့် မသေဘူးရယ်လို့ ဘယ်လိုကျမ်းမှာမှ ရှိလိမ့်မည် မဟုတ်ဟု ဆိုလိုပေသည်။ ဆရာတော်ကြီး သတိပေးတော်မူချက်အတိုင်း စာရေးသူ စာရှုသူတို့ အားလုံးတွင် သေခြင်းတရားကား ဧကန်မုချရှိနေ ကြလေပြီ။ ရှောင်လွှဲ၍လည်း မရနိုင်တော့ပေ။ သေခြင်း တရားနှင့် နဖူးတွေ့ဒူးတွေ့ ရင်ဆိုင်ရသောအခါ အသေဆိုး ဖြင့် မသေပဲ၊ အသေမြတ်ချင်လျှင်ကား ယခုကတည်းက သေနည်းသင်ရပေလိမ့်မည်။ မည်သည့်နည်းဖြင့်သေသေ ဒုဂ္ဂတိဘုံ ရောက်ခဲ့လျှင် အသေဆိုးဟု မှတ်ရပါမည်။ သုဂတိဘုံ ရောက်မှသာလျှင် အသေမြတ်သည် ဟု မှတ်ရပါမည်။

www.dhammaransi.com



အရိယာအဖြစ်သို့ရောက်ပြီးသူများ၊ ဝိပဿနာတရားကို အရိုးကြေကြေအရေခန်းခန်း နေ့ရော ညရော ကြိုးစားအားထုတ်နေသူများအတွက်ကား ဤ ဆောင်းပါးသည် မလိုအပ်ပါ။ တစ်ဝမ်းတစ်ခါးအတွက် ကြိုးစားရှာဖွေရင်း ရုတ်တရက်သေဘေးနှင့် ရင်ဆိုင်ခဲ့ရသော် အပါယ်လေးပါး မလားချင်ကြသော သာမန်ပုဂ္ဂိုလ်များ အတွက်သာရည်ရွယ်၍ ရေးသားခြင်း ဖြစ်ပါသည်။ ဗုဒ္ဓလက်ထက်တော်အခါမှ ယခုအချိန်တိုင် ဖော်ပြပါ သာမန်ပုဂ္ဂိုလ်များသာ အများစု ဖြစ်ပါသည်။ အရိယာဖြစ်ပြီးသူ အရိယာဖြစ်ရန် အပြင်းအထန်ကျင့်သူများကား အနည်းစုသာ ဖြစ်ပါသည်။ လူပုဂ္ဂိုလ်များမဆိုထားနှင့် ရဟန်းသံဃာတော်များပင် ပြင်းပြင်းထန်ထန်ကျင့်ကြံကြသော ဝိပဿနာရှုရပုဂ္ဂိုလ်များ အင်မတန်မှ နည်းပါသေးသည်။ အရိယာအဖြစ်သို့ရောက်ရန် မဆိုထားဘိ အသေမြတ်ရန် သေချာလေ့ကျင်ထားသော အရေအတွက်သည်ပင်ပြောပလောက်အောင်မရှိပေ။ ထို့ကြောင့်လည်း ဗုဒ္ဓ

www.dhammaransi.com



ဘာသာတွင် ဘုန်းကြီးသူရဲ ဟူသောစကား ထင်ရှားလာခဲ့ခြင်းဖြစ်သည်။

ဗုဒ္ဓလက်ထက်တော်အခါကပင် ထို သာမန်ပုဂ္ဂိုလ်များ အသေမြတ်စေရေးအတွက် အရှင်သာရိပုတ္တရာ ဦးဆောင်သော သံဃာတော်များနှင့်တကွ ဘုရားရှင်ကိုယ်တော်တိုင် သေနည်း သင်တန်းပေးခဲ့ရပုံများကို ဤဆောင်းပါး၌ စုံလင်စွာဖတ်ရှုရပေလိမ့်မည်။ လူ့လောကတစ်ခုလုံးက မင်္ဂလာ မရှိဟု ယူဆထားသော သေနည်းသင်တန်းကို စာရေးသူသည် အဘယ်ကြောင့် စာရှုသူတို့အား အရေးတကြီး သိစေချင်သနည်း။

**'ပုထုဇဉ်တို့ မသိနိုင်သောအရာငါးမျိုး'**

**ဇီဝိတံ ဗျာဓိ ကာလောစ၊ ဒေဟာနိက္ခေပနံဂတိ-**

ဟူသောဒေသနာအတိုင်းပုထုဇဉ်တို့ ကြိုတင်မသိနိုင်သောအရာငါးမျိုးတွင် သေခြင်းနှင့်သက်ဆိုင်သောအရာက ငါးမျိုး လုံးဖြစ်နေသောကြောင့်ဟု ဖြေပါမည်။ ၎င်းငါးမျိုးမှာ-

www.dhammaransi.com



၁။ ဘယ်အသက်အရွယ်မှာ သေမည်ဟုမသိနိုင်၊

၂။ ဘယ်အနာရောဂါနှင့်သေမည်ဟုမသိနိုင်၊

၃။ နံနက်၊ နေ့လည်၊ ည ဘယ်ကာလ မှာသေမည် ဟု မသိနိုင်၊

၄။ ဘယ်သင်္ချိုင်းမှာ ချမည်ဟုမသိနိုင်၊

၅။ ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ လူ၊ နတ်၊ ဘယ်ဘုံရောက် မည်ဟုမသိနိုင်ခြင်း တို့ ဖြစ်ပေသည်။

ထို့ကြောင့်လည်း ဗုဒ္ဓက ကွေးသောလက် မဆန့်ခင်၊ ဆန့်သောလက်မကွေးခင် သေခြင်းတရားသည် ရုတ်တရက် ဆိုက်ရောက်လာနိုင်သည်ဟူ၍၄င်း၊ **မရဏံ မေ ဓုဝံ၊ ဇီဝိတံ မေ အဓုဝံ၊** "ငါ့အား သေခြင်းတရားသည် အမြဲရှိ၏။ ငါ့အား အသက်ရှင်ခြင်းသည် အမြဲမရှိ" ဟူ၍၄င်း ဟောကြားခဲ့ခြင်း ဖြစ်ပေသည်။

www.dhammaransi.com



## ' ဘုရားဟောကိုဆန့်ကျင်သူ '

ကွေးသောလက်မဆန့်ခင်၊ ဆန့်သောလက် မကွေးခင် သေခြင်းတရား ရောက်လာနိုင်သည်ဟူသော ဘုရားဟောတရားတော်ကို ဆန့်ကျင်ခဲ့သော စာရေးသူတို့ဇာတိ အမရပူရနယ်မှ ဗုဒ္ဓဘာသာ အမျိုးသားတစ်ယောက်ကို တွေ့ခဲ့ရဖူးသည်။ အလှူပွဲ၊ တရားပွဲများတွင် တရားအကြောင်းဆွေးနွေးတိုင်း ထိုသူသည် " ကွေးသောလက် မဆန့်ခင်၊ ဆန့်သောလက် မကွေးခင် သေခြင်းတရား ရောက်လာနိုင်တယ် " ဆိုတဲ့ စကားကို ကျုပ် လက်မခံဘူးဗျာ မနက်ဖြန် ကျုပ်မသေဘူးလို့ ပြောရဲတယ်။ ခင်ဗျားတို့ထဲက ကျုပ်သေမယ်လို့ သိတဲ့လူရှိရင် အခုထဗျာ တစ်သောင်းကြေးလောင်းမယ် ဟူသောစကားကိုပြောဆိုကာ ဘုရားဟောကိုဆန့်ကျင်ပြီး တရားဆွေးနွေးသူများကို မတရားအနိုင်ယူလေ့ရှိသည်။ သူနှင့် အကျယ်အကျယ် မဖြစ်ချင်တာနှင့်ပင် တရားဆွေးနွေးသူ အားလုံးက အရှုံးပေးကြရသည်။ သူသည် ဘုရားဟောကို ဆန့်ကျင်ကာ သူတစ်ပါး

www.dhammaransi.com



မျက်လုံးပြူးအောင်ပြောပြီး အနိုင်ယူရသည်ကိုပင် အဟုတ်မှတ်ကာ အကြီးအကျယ်ခံတွင်း တွေနေခဲ့သည်။ တစ်နေ့တွင် သူ့ကို ဆုံးမမယ့်သူတစ်ယောက် ပေါ်လာခဲ့သည်။

ထိုသူကား စာရေးသူတို့၏ ဦးလေးပင်တည်း။ ၎င်းအချိန်က စာရေးသူတို့မှာ ကလေးအရွယ်သာ ရှိပါသေးသည်။ ဦးလေးဖြစ်သူ ပြန်ပြောပြလို့သာ သိရခြင်းဖြစ်သည်။ ၎င်းနေ့က ရပ်ကွက် မမ္မာရုံတွင် နာရေးကိစ္စဆွေးနွေးကြရင်း သေခြင်းတရား အရောက်တွင် ၎င်းလူက သူပြောနေကျအတိုင်း ထပြောပြီး အလောင်းအစား လုပ်ပါရန် စိန်ခေါ်ပါလေတော့သည်။ တခြားလူများ ငြိမ်နေကြသော်လည်း အကော်အကပ်တွင် နှစ်ယောက်မရှိသော စာရေးသူ၏ ဦးလေးက လောင်းချင်တယ်ဆိုလည်း ကျုပ်နဲ့လောင်းဗျာ ၊ ဒါပေမယ့် လောင်းကြေးက သိပ်နည်း နေတယ်၊ အသက်ထက်တန်ဖိုးရှိတဲ့ ဥစ္စာပစ္စည်းဆိုတာ ဘာမှ မရှိဘူးဗျ။ အဲဒါကြောင့် လောင်းကြေးကို ဒီလိုပြင်ကြမယ်။ မနက်ဖြန်ခင်ဗျားသေရင် ခင်ဗျားခြံဝိုင်း ၊ အိမ်နဲ့တစ်ကွ မြေပေါ်၊ မြေအောက် ပစ္စည်းအားလုံးကို ကျုပ်ကို

www.dhammaransi.com



ပေးရမယ်။ ဒါ့အပြင် ခင်ဗျားနှင့်တကွ မိသားစုအားလုံးက ကျုပ်အိမ်မှာ တစ်သက်လုံး ကျွန်ခံရမယ်။ မနက်ဖြန် ခင်ဗျားမသေခဲ့ဘူးဆိုရင် ကျုပ်ရဲ့ခြံဝိုင်း၊ အိမ်နဲ့တကွ မြေပေါ်မြေအောက်ပစ္စည်းအားလုံး ခင်ဗျားကို ပေးမယ်။ ကျုပ်နဲ့ တကွ မိသားစုအားလုံးကလည်း ခင်ဗျားဆီမှာ တစ်သက်လုံး ကျွန်ခံမယ်။ ဘယ်နဲ့လဲ ခင်ဗျားသဘော တူရဲ့လား။

ယခုတစ်ခါ မျက်လုံးပြူးပြီး အံ့သြငေးငိုင် ဖြစ်သွားရသူမှာ အခြားတရားဆွေးနွေးသူများ မဟုတ်တော့ဘဲ ဘုရားဟောကို ဆန့်ကျင်သူကိုယ်တိုင် ဖြစ်နေချေပြီ။ ပါးနပ်သည့်နေရာတွင် နှစ်ယောက်မရှိသော စာရေးသူ၏ ဦးလေးက တစ်ဖက်လူတုန်လှုပ်နေမှန်း သိသဖြင့် ဆက်နှင်းလေပြီ။

"ကဲဗျာ အချိန်ကြာပါတယ်၊ ခင်ဗျား သဘောတူတယ်ဆိုရင် အရပ်ထဲကရှေ့နေခေါ်ပြီး တစ်ခါတည်း စာချုပ်လိုက်ကြရအောင်"

www.dhammaransi.com



အမြဲတမ်းစိန်ခေါ်ခံနေကြရသော ဘေးလူများက လည်း သူ့ကိုဝိုင်းတွန်းကြပြီ "ဟုတ်သားပဲ၊ ခင်ဗျား-ကျွန်တော် တို့တုန်းက အမြဲတမ်းစိန်ခေါ်ခဲ့တာပဲ၊ အခု ခင်ဗျားကို စိန် ခေါ်တဲ့သူ ပေါ်ပြီ၊ လောင်းသာလောင်းပေတော့"

တကယ်လက်တွေ့သမားနှင့်တွေ့တော့ သူ အလျှော့ ပေးရလေပြီ။

"ကဲပါဗျာ၊ ဘုရားဟောကို ဆန့်ကျင်မိတဲ့ ကျွန်တော့် အမှားကို ပြန်ရုပ်သိမ်းပါတယ်။ မှားကြောင်းကိုလည်း ဝန်ချ တောင်းပန်ပါတယ်။ ဒီတော့နောင်ကြီးကို တစ်ခုတော့ တောင်းဆိုပါရစေ။ ကျွန်တော်မနက်ဖြန် သေမှာကို တကယ် သိနေလို့ ခုလိုလောင်းရဲတာလားဆိုတာ သေချာရှင်းပြစေချင် ပါတယ်"

ထိုအခါကျမှ စာရေးသူ၏ဦးလေးက အစအဆုံး သေချာရှင်းပြပါတော့သည်။ "ခင်ဗျား မနက်ဖြန်သေမယ် ဆိုတာ သေချာပေါက်သိလို့ ကျွန်တော်အဲဒီ လိုလောင်းရဲ တာပေါ့"

www.dhammaransi.com



"နောင်ကြီးက ဘယ်လိုလုပ် သိနေသလဲ"

" ဟာ-သိဆို မနက်ဖြန် ကျွန်တော်ကိုယ်တိုင် သတ်မှာပဲဟာ၊ ဦးလေးစကားအဆုံးတွင် တရားဆွေးနွေး သူအားလုံး အာမေဍိတ်သံများ ကိုယ်စီ ထွက်သွားကြသည်။

'အဲဒီလို ကျွန်တော်သတ်လို့ သေရင်လည်း အလောင်းအစားသဘောအရ အကြုံးဝင်တာပဲ။ ကျွန်တော် နိုင်တာဘဲ။ ဘာဖြစ်လို့လည်းဆိုတော့ ကွေးသောလက်မဆန့်ခင် ဆန့်သော လက်မကွေးခင် သေခြင်းတရား ရောက်လာနိုင်တယ်လို့ ဗုဒ္ဓဟောကြားတာက သေခြင်းလေးမျိုးကို ရည်ရွယ်ပြီး ဟောထားတာပဲ။ သေခြင်း (၄) မျိုးက-

၁။ **အာယုက္ခယ** = သက်တမ်းကုန်လို့လည်း သေနိုင်တယ်။

၂။ **ကမ္မက္ခယ** = ကုသိုလ်ကံ ကုန်လို့လည်းသေ နိုင်တယ်။

၃။ **ဥဘယက္ခယ** = အသက်ကံနှစ်ပါးလုံး ကုန်လို့

www.dhammaransi.com



၄။ ဥပစ္ဆေဒက = သူတစ်ပါးက သတ်ဖြတ်ခြင်း၊ ကားတိုက်ခြင်း၊ ရေနစ်ခြင်း စသောအားဖြင့် ကပ်ပြီးဖြစ်တတ်တဲ့ အကုသိုလ်ကံကြောင့်လည်း သေနိုင်တယ်။ ကျွန်တော်လာသတ်လို့ သေတာဟာ ဥပစ္ဆေဒကသေခြင်းထဲမှာ ပါသွားတာကြောင့် အလောင်းအစားအရ အကြုံးဝင်တယ်လို့ ကျွန်တော်ပြောခဲ့တာပေါ့။

ဦးလေးဖြစ်သူထံမှ ဖြေရှင်းချက်ကို ကြားရပြီး နောက်ပိုင်းတစ်လျှောက်တွင် ထိုသူမှာ ဘုရားဟောတရားကို ဘယ်သောအခါမှ ဆန့်ကျင်ဘက် လုပ်သည်ကို မတွေ့ရတော့ပေ။

## 'သန်းပြိတ္တာဖြစ်ရသောရဟာန်း'

''အသေမြတ်စေသည့် သေနည်းသင်တန်းကို မလေ့ကျင့်မိခဲ့သောကြောင့် ဗုဒ္ဓလက်ထက်တော်အခါက တိဿအမည်ရှိ မထေရ်ကြီးတစ်ပါးသည် 'သန်းပြိတ္တာဘဝ' ခုနှစ်ရက် ရောက်ခဲ့ရသေးသည်။ ရောက်ရခြင်း၏ အကြောင်းကား-

www.dhammaransi.com



ဥစ္စာစုကို မဆိုထားလွတ် ကိုယ်ဝတ်ခြုံနွမ်း
ပုဆိုးနွမ်းက၊ လောဘဤဟိတ်၊ ငဲ့သည့်စိတ်ကြောင့်၊
ဘုတ်ပြိတ်သန်းပြ၊ ဖြစ်ကုန်ကြ၏။

'မဃဒေဝ'

ဟူသောလင်္ကာအတိုင်း အမျိုးတစ်ဦး လှူဒါန်းသော သင်္ကန်းတစ်စုံကို သွားရာလာရာ ဝတ်မည်ဟူသော စိတ်ဖြင့် ခေါင်းအုံးအောက်တွင်ထား၍ကျိန်းရာ ၄င်းညမှာပင် လေနာရောဂါဖြင့် ပျံလွန်တော်မူရာ သင်္ကန်းကိုစွဲသည့် လောဘစိတ်ကြောင့် သင်္ကန်းခေါက်ထဲတွင် သန်းပြိတ္တာကြီး ဖြစ်ရရှာသည်။ အလှူရှင်က လှူထားသောသင်္ကန်းကို ပြန်ယူပြီး တစ်ခြားရဟန်းတစ်ပါးကိုလှူမည်ပြင်ရာ သန်းပြိတ္တာကြီးက 'ငါ့သင်္ကန်းကို မလှူနဲ့၊ ငါ့သင်္ကန်းကိုမလှူနဲ့' ဟုအော်သည်ကို ဘုရားရှင် ကြားသိတော်မူသောကြောင့် အလှူရှင်ကို ခုနစ်ရက် ဆိုင်းငံ့စေပြီးမှ တစ်ခြားရဟန်းကို လှူစေရပါသည်။

www.dhammaransi.com



ဘုရားရှင်တားမြစ်တော်မူရခြင်းအကြောင်းမှာ သန်းပြိတ္တာကြီးအနေဖြင့် အလှူခံရဟန်းအပေါ် အာဃာတ ရန်ငြိုးဖွဲ့လိုက်လျှင် အပြစ်ကြီးလေးပြီး သန်းပြိတ္တာဘဝတွင် ကြာရှည်လေးမြင့်စွာ နေရမှာစိုးသောကြောင့် ဖြစ်ပေသည်။ ခုနစ်ရက်ပြည့်သောအခါကျမှသာ သန်းပြိတ္တာဘဝမှ လွတ်ရပါသည်။ လောဘဟူသည် လိုချင်ခြင်း သဘောတရားမှ ဘယ်သောအခါမှ မဖောက်ပြန်သကဲ့သို့၊ လောဘကို လက်ခံပြီး စွဲလန်း တပ်မက်မှုရှိနေသူ အားလုံးကို ပြိတ္တာဘဝသို့ ပို့ပေးခြင်းကိစ္စမှလည်း ဘယ်သောအခါမှ ဖောက်ပြန်ပြောင်းလဲ လိမ့်မည် မဟုတ်ပေ။

**'ကျောင်းပြိတ္တာဖြစ်ရသောရဟန်း'**

ခရမ်းမြို့နယ်၌ ပါဝင်သောရွာတစ်ရွာမှ ကျောင်းထိုင်ဘုန်းကြီးတစ်ပါး၏ ဖြစ်ရပ်ကလည်း အင်မတန်မှ တရားသံဝေဂရစရာ ကောင်းသည်။ လယ်တီဆရာတော်ဘုရားကြီး၏

www.dhammaransi.com



ကိုယ်တွေ့ဖြစ်ရပ်တစ်ခုမို့ နှစ်ပေါင်းကား အတော်ကြာခဲ့ပါပြီ။ လယ်တီဆရာတော်ဘုရားကြီး ဘုန်းမီးနေလ တောက်ပစဉ် အချိန်က တရားဟော၊ တရားပြ သာသနာပြု ကြွရင်းဖြင့် ၄င်းရွာသို့ ဆိုက်ရောက်တော်မူပါသည်။ ဆိုက်ရောက်သည့် ညမှာပင် ကျောင်းဝိုင်းအတွင်း စင်္ကြံလျှောက်ရင်း တရားမှတ် နေသော လယ်တီဆရာတော်ကြီးထံသို့ ပုတ်လုံးခန့် ခန္ဓာကိုယ် ပမာဏရှိသော ပြိတ္တာကြီးတစ်ကောင် ရောက်လာပြီး ရှိခိုးဦးချ ကာ အောက်ပါအတိုင်း လျှောက်ထားပါသည်။

"ဆရာတော်ဘုရား တပည့်တော်ကို ကယ်ပါဘုရား"

" ဟဲ့ -အသင်က ဘယ်သူတုန်း "

" တပည့်တော် လွန်ခဲ့တဲ့လက ပျံလွန်တော်မူခဲ့တဲ့ ကျောင်းထိုင်ဘုန်းကြီးပါဘုရား၊ ပျံလွန်တော်မူခါနီးမှာ တပည့် တွေကို မအပ်ရသေးတဲ့ကျောင်းအပေါ် စိတ်စွဲလိုက်မိတာနဲ့ ဒီဘဝကို ရောက်ခဲ့ရတာပါဘုရား။"

www.dhammaransi.com



" ကဲကဲ မနက်ဖြန်အလှူဒါနပြုပြီး အမျှပေးပါမယ်။ စောင့်ပြီးတော့ သာသာခုခေါ်ပါ။"

လယ်တီဆရာတော်ဘုရားကြီးလည်း လွန်စွာ သတိသံဝေဂ ဖြစ်တော်မူသဖြင့် နောက်တစ်နေ့ နံနက်မှာပင် ရွာသူရွာသားများအား ပြောဆိုတိုင်ပင်၍ သံဃာတော်များပင့်ကာ ဆွမ်း၊ သင်္ကန်းလှူဒါန်းပြီး အမျှပေးဝေ သောအခါမှ ကျောင်းထိုင်ဘုန်းကြီးပြိတ္တာမှာ ထိုဘဝမှ လွတ်ရရှာပါသည်။

လောဘ၏ဆိုးကျိုးကား ကြောက်ဖွယ်ကောင်းစွ၊ ထို့ကြောင့်လည်း **မဃဒေဝ၌**

ပြင်ပဥစ္စာ၊ မဟုတ်စွာသေး၊ ကာယအဆင်း၊ ကိုယ်အတွင်းဝယ်၊ မွေးညှင်းဆံစု၊ ရုပ်ဝတ္ထုညွှ်၊ တစ်ခုခုတပ်၊ စွဲကပ်စွန်းညီ၊ ဓာဝိထိဖြင့် စုတိပုဂ္ဂိုလ်၊ ထိုထိုပိုးလောက်၊ စားသောက်ပြန်ကာ ဖြစ်တတ်စွာဟု၊ ကျမ်းလာမုချ၊ ဤသို့ပြ၏။

ဟူ၍ စပ်ဆိုတော်မူထားပါသည်။ အဓိပ္ပါယ်ကား ပြင်ပဥစ္စာကိုသာ စွဲလန်းမှုမဟုတ်၊ မိမိ၏ခန္ဓာကိုယ်မှ အသား၊

www.dhammaransi.com



အသွေး၊ အမွေး၊ ဆံပင် စသည်တို့ကို စွဲလန်းတပ်မက်သော လောဘစိတ်ဖြင့် သေခဲ့လျှင် မိမိခန္ဓာကိုယ်ကို ပြန်၍စား သောက်ရသော ပိုးလောက်ပြိတ္တာများ ဖြစ်ရသည်ဟု ဆိုလို ပေသည်။

## 'အိမ်ပြိတ္တာဖြစ်ရသော ရဟန်းမယ်တော်'

တောင်းတန်းသာသနာပြု ရေချူဆရာတော်ကြီး၏ ခမယ်တော်မှာ ရဟန်းမယ်တော်ပီပီ ဒါန၊ သီလ၊ ဘာဝနာအချို့ လည်း ထိုက်သလောက် ရှိပြီးသားဖြစ်သဖြင့် သေနည်း သင်တန်းကိုသာ အနည်းငယ်မျှနားလည်ခဲ့လျှင် သုဂတိသို့ ဧကန်မုချ ရောက်မည်သာ ဖြစ်လေသည်။ သို့သော် သေနည်း ကို အသင့်ပြင်မထားမိသော မယ်တော်မှာ တောတောင်ထဲတွင် သာသနာပြုနေသော သားရဟန်းကို စွဲလန်းသောစိတ်ဖြင့် စုတိစိတ်ကျသောကြောင့် အိမ်တွင် ပြိတ္တာပြန်ဖြစ်နေရရှာတော့ သည်။

www.dhammaransi.com



နောက်မှ တောင်တန်းဆရာတော်နှင့်တကွ သားသမီးများက ကုသိုလ်ပြုပြီး အမျှဝေပေးမှ ပြိတ္တာဘဝမှ ကျွတ်လွတ်သွားရလေသည်။ တချို့မိဘများ အားကိုးမှားနေမိသော အချက်တစ်ခုရှိသည်။ တခြားမဟုတ်မိမိ သားက ရဟန်းဖြစ်လျှင် မိဘများအလိုလို အပါယ်တံခါး ပိတ်တော့သည်ဟူသော ယူဆချက်ပင်ဖြစ်သည်။ မိမိ သားရဟန်းဖြစ်သည့်အတွက် မိဘများအနေဖြင့် လှူရတန်းရ၊ ထောက်ပံ့ရသော ကြောင့်လည်းကောင်း၊ တရားနာရသောကြောင့်လည်းကောင်း၊ ကုသိုလ်ကား ဧကန်မုချရနိုင်ပါသည်။

သို့သော် ထိုကုသိုလ်ကား အပါယ်တံခါးပိတ်သည့် ကုသိုလ်ကား မဟုတ်ပါချေ။ လူချမ်းသာ၊ နတ်ချမ်းသာကိုပေးစွမ်းနိုင်သည့်လောကီကုသိုလ်သာဖြစ်သည်။ သံသရာတစ်လျှောက်လုံး အပါယ်တံခါးပိတ်သည့် ကုသိုလ်ကား တရားအားထုတ်မှရသော လောကုတ္တရာ မဂ်ကုသိုလ်သာရှိပါသည်။

www.dhammaransi.com



ထိုအချက်နှင့် ပတ်သက်၍ အကျယ်သိနိုင်ရန် အပါယ်တံခါးပိတ် ကုသိုလ်စိတ်ဟူသော အမည်ဖြင့် တစ်နေရာတွင် ရေးသားတင်ပြပါဦးမည်။ ယခု တောင်တန်း ဆရာတော်ကြီး၏ မယ်တော်အဖြစ်ကို ထောက်ထား၍ သေနည်းကိုသာ သေချာစွာ လေ့ကျင့်မထားလျှင် လောကီကုသိုလ်မှန်သမျှ အပါယ်ဘေးမှ စိတ်မချရသေး ဟူ၍သာ သိထားစေလိုပါသည်။

**အတ္တာဟိ အတ္တနော နာထော-** မိမိကိုယ်ကိုသာလျှင် မိမိ ကိုးကွယ်အားထားရာဟူသော ဒေသနာတော်၏ တိကျမှန်ကန်မှုကို အသက်ရှင်နေထိုင်စဉ်ကထက် သေခါနီး အချိန်တွင် ပို၍ သိလာနိုင်သည်။ စာရေးသူတို့ ငယ်စဉ် ကလေးဘဝက လမ်းတစ်ဖက် ငါးအိမ်ကျော်လောက်တွင် နေထိုင်သော လာဘ်စားသူဟု နာမည်ကြီးသည့် ရပ်ကွက်လူကြီးတစ်ယောက် သေခါနီးတွင် အော်ဟစ် နေသောအသံနက်ကြီးမှာ ကြောက်စရာကောင်းလှသောကြောင့် ထိုညက မိခင်ရင်ခွင်ထဲ ဖွတ်တိုး ပြီး မနည်းအိပ်ခဲ့ရသည်။

www.dhammaransi.com



မနက်အရောက်တွင်ကား ရုပ်ပျက်ဆင်းပျက်၊ လက်ကားယားခြေကားယားဖြင့် သေနေသည်ကိုသာ တွေ့ကြရပါတော့သည်။ ထိုသို့သေခါနီး အော်ဟစ်နေချိန်တွင် မည့်သည့်သားမယားကမှ မကယ်နိုင်ဘဲ လက်မှိုင်ချကာ နေကြရပါသည်။ ထို့ကြောင့်လည်း မန်လည်ဆရာတော်ကြီးက **မဃဒေဝ**တွင်-

**ရေဘေးမီးဘေး၊ ပြည်ပျက်ဘေးကား၊ ဆယ်ရေးတစ်ရေး၊ ကယ်နိုင်သေး၏၊ အိုဘေးနာဘေး သေခြင်းဘေး ဟု၊ ဤဘေးသုံးပါး၊ လွန်ကြီးမားက၊ သားနှင့်အမိ၊ ဖြစ်တုံဘိလည်း၊ မျက်စိအောက်တွင်၊ ရင်ခွင်တင်လျှက်၊ သက်ပင်ရေးပိုင်၊ မကယ်နိုင်ဘူး၊ လက်မှိုင်ချကာ၊ နေရစ္စာရှင့်-** ဟု စပ်ဆိုတော်မူခဲ့ခြင်းဖြစ်ပေလိမ့်မည်။

ဤမျှထိ ဖတ်ရှုမိလျှင် စာရှုသူများအနေဖြင့် သေနည်းကို မိမိကိုယ်တိုင် စောစောစီးစီးလေ့လာသင်ယူမှ ဖြစ်မည်ဟူသောအသိကို ရရှိနိုင်ပြီ ဖြစ်ပါလိမ့်မည်။

www.dhammaransi.com



သေနည်းကို ငယ်သည် ကြီးသည်မဟူ ယခု ဆောင်းပါးဖတ်ပြီးသည်နှင့် ယခုပင် လေ့ကျင့်ပါတော့ဟု မေတ္တာရှေ့ထား၍ တိုက်တွန်းချင်ပါသည်။ တိုက်တွန်းရခြင်း အကြောင်းမှာ လက်တွေ့ဖြစ်ရပ်လေးတစ်ခုကို မြင်ယောင် နေမိသောကြောင့် ဖြစ်ပါသည်။

စာရေးသူတို့ ကိုရင်ဘဝ မန္တလေးမြို့၊ မူလဖိုးဘန်နီ ကျောင်းတိုက်၊ ပညာ့ဗိမာန်ကျောင်းတွင် နေထိုင်စဉ်ကပင် ဖြစ်ပါသည်။ စာရေးသူတို့နေသောကျောင်းမှာ ရန်ကုန် ကားလမ်း ဘေးကျ၍ ဆင်ဖြူကန် သုသာန်သို့ အသုဘချလျှင် စာရေးသူတို့ ကျောင်းရှေ့မှသာ ဖြတ်သွားကြရပါသည်။ တစ်နေ့တွင် တစ်ခြားတိုက်မှ ဆရာတော်တစ်ပါး စာရေးသူတို့ ဆရာဘုန်းကြီးထံ လာရောက် လည်ပတ်ပါသည်။

ဆရာတော်နှစ်ပါး အလ္လာပ၊သလ္လာပ ပြောကြ ရင်းဖြင့် ဆရာဘုန်းကြီးက-

"တပည့်တော်တို့နှစ်ပါးလည်း အသက်လေးဆယ် ပြည့်ပြီးသေဖို့ရာ ပိုနီးလာပြီလို့ ဆိုရမှာပေါ့ဘုရား။ ပေါ့ပေါ့မ

www.dhammaransi.com



နေသင့်တော့ဘူး'' ထိုအခါ အာဂန္တုဆရာတော်က-

''အရှင်ဘုရားရယ်၊ အသက်လေးဆယ်ဆိုတာ ငယ်ငယ်လေးရှိပါသေးတယ်ဘုရား၊ သေမယ့်အကြောင်းတွေ စိတ်ကူးထဲ ထည့်မနေပါနဲ့ဦး၊ အနောက်နိုင်ငံတွေမှာဆိုရင် အသက်လေးဆယ်မှ ဘဝစတယ်လို့ ဆိုကြတယ်မဟုတ်လား'' ဟု ဆရာဘုန်းကြီးအား ပြန်လည် မေးခွန်းထုတ်ခဲ့ပါသည်။ ထိုကဲ့သို့မေးခွန်းထုတ်ပြီး ငါးရက်ခန့်အကြာတွင် ရှေ့ဝင်း၊ နောက်ဝင်း (မင်းညီ မင်းသားအစုံ) ခင်းကာ အသုဘချလာသော ဘုန်းကြီးပျံတစ်ခုကို တွေ့ရသဖြင့် ဆရာဘုန်းကြီးရော စာရေးသူတို့ ညီအကိုနှစ်ပါးပါ ကျောင်းရှေ့ထွက်၍ ကြည့်ကြပါသည်။

ခေါင်းတလားတင်ထားသော ကရဝိတ်ငှက်သဏ္ဌာန် ဆင်ထားသည့်ကား ကျောင်းရှေ့တည့်တည့် ရောက်သည်နှင့် ဆရာဘုန်းကြီးနှင့် စာရေးသူတို့ထံမှ အံ့သြထိတ်လန့်သော အာမေဋိတ်သံများ ရုတ်တရက် ထွက်သွားကြပါသည်။ အဘယ်ကြောင့်ဆိုသော် ခေါင်းတလားအလယ်လောက်တွင်

www.dhammaransi.com



ထောင်ထားသော ဓာတ်ပုံပိုင်ရှင်ဆရာတော်မှာ လွန်ခဲ့သော ငါးရက်ခန့်ကမှ ဆရာဘုန်းကြီးအား 'အရှင်ဘုရားရယ် အသက်လေးဆယ်ဆိုတာ ငယ်ငယ်လေး ရှိပါသေးတယ်ဘုရား' ဟု လျှောက်သွားသော ဆရာတော် ဖြစ်နေသောကြောင့်ပါတည်း။

သတ္တဝါတစ်ခုရယ်လို့ဖြစ်လာခဲ့ရင် ငယ်သည်၊ ကြီးသည်မဟူ၊ မိုးထိအောင်မြင့်မားပြီး အရပ်လေးမျက်နှာ အပြည့်ရှိနေသည့် ကျောက်တောင်ကြီးလေးလုံး၏ အကြိတ် အချေကို နေ့စဉ်နှင့်အမျှ ခံနေကြရပေသည်။ ၎င်းကျောက်တောင်လေးလုံးကား ဇာတိဟူသော ပဋိသန္ဓေ နေခြင်းကျောက်တောင်၊ ဇရာဟူသော အိုခြင်းကျောက်တောင်၊ဗျာဓိဟူသော နာခြင်းကျောက်တောင်၊ မရဏဟူသော သေခြင်းကျောက်တောင်တို့ပေတည်း။

ဇာတိဟူသော ကျောက်တောင်ကတော့ ကြိတ်ချေလို့ ပြီးသွားခဲ့ပြီ။ ဇရာကျောက်တောင်ကတော့ နေ့စဉ်ကြိတ်ချေလျက်ပင်။ ဗျာဓိနှင့်မရဏ ကျောက်တောင်တို့

www.dhammaransi.com



ကလည်း သူတို့ကြိုက်ချေရမည့်အလှည့်ကို အသင့်စောင့်လျက်နေကြလေပြီ။ ရာထူး၊ အာဏာ၊ ပါဝါ၊ ဥစ္စာ မည်မျှကြီးမားများပြားစေကာမူ ဇာတိ၊ ဇရာ၊ ဗျာဓိ၊ မရဏ ဟူသောကျောက်တောင်တို့၏ကြိတ်ချေခြင်းဘေးမှကား မည်သူမှတားဆီးခြင်းငှာ မစွမ်းနိုင်သည်သာ။

ပို့သော၊ လတ်သော၊ ကြီးသော မခွဲခြား၊ မရဏ ဟူသော ကျောက်တောင်ကား အခွင့်သင့်လျှင်သင့်သလိုကြိတ်ချေမည်သာဖြစ်ပေသည်။ စာရေးသူ၏ဖခင်က အသက် ၄၉-နှစ်၊ သမီးဖြစ်သူ စာရေးသူ၏အမက ၂၈-နှစ်၊ သူတို့နှစ်ဦးတွင် ဖခင်ဖြစ်သူက ၁၃၄၆-ခုနှစ် တပေါင်းလကွယ်တွင်ဆုံး၍ အမဖြစ်သူက-၁၃၄၇-ခုနှစ် တန်ခူး လကွယ်တွင်ဆုံးသွားခဲ့သည်။ သားအဖနှစ်ယောက် ဘဝပြောင်းခြင်းကတစ်လသာခြားခဲ့သည်။

စာရှုသူတို့ သတိထားမိပါလိမ့်မည်၊ သရက်သီးများသီးစအချိန် အကင်းအရွယ်နုနုလေးတွေမှာလည်း လေဒဏ်

www.dhammaransi.com



မိုးဒဏ်ကြောင့်ကြွေကျရသည်။ ရင့်စအချိန်မှာလည်း ပုတ်ချရိုက်ချလို့ ကြွေကြရသည်။ မှည့်လာပြန်တော့လည်း အညှာမခိုင်၍ အလိုလို ကြွေကြရပြန်သည်။ ထိုနည်းတူ လူ့ဘဝရောက်လာပြီဆိုသည်နှင့် အရွယ်ငယ်၊ လတ်၊ ကြီးမဟူ သေနိုင်သည်ဟူသော သဘောကို သရက်သီးလေးများက ကိုယ်စားသရုပ်ပြနေသယောင်ပင်။ ထို့ကြောင့်လည်း မန်လည်ဆရာတော်က **မဃဒေဝ**တွင်-

**မိုးဖျားထိနီး၊ ကျောက်တိပြီးသား၊ တောင်ကြီး ကြိတ်ကြိတ်၊ လေးလုံးပိတ်၍၊ချေကြိတ်ညက်စွာ၊ လေးမျက်နှာက၊ လွတ်ရာမရှိ၊ လာတိဘုံသို့၊ ဇာတိဇရာ၊ ဗျာဓိ မရဏ၊မစ္စုတရား၊ ဤလေးပါးတို့၊ ထွားထွားကြိတ်ချေ၊ ညက်ညက်ကြေအောင်၊ မြဲနေနိစ္စ၊ နှိက်စက်စွတည့်။ ကာယဟူဘိ၊ နားမျက်စိနှင့်၊ ဣတ္ထိပုရိသ၊ ဖြစ်လာကြတိုင်း၊ ရက္ခသီးပွင့်၊ ခါမလင့်ဘဲ၊ ရင့်တဖုတ်ဖုတ်၊ ကင်းဖြုတ်ဖြုတ်နှင့်၊ ညှာပြုတ်ကြွေကျ၊**

www.dhammaransi.com



မမြဲကြသို့၊ ဘဝပျက်ပြို၊ လူထိုထိုကား၊ ရွယ်မိုရွယ်လတ်၊ ကျန်မလွတ် သည်၊ မချွတ်သေအံ့အပြီးတည်း။

ဟုစပ်ဆိုတော် မူခဲ့ပေသည်။

ဤမျှလောက်ထိဖတ် ရှုမိပြီဆိုသည်နှင့် စာရှုသူများ အနေနှင့် လူတိုင်း သေနည်းပြင်ဖို့လိုအပ်သည်ဟု လက်ခံယုံကြည် လောက်ပေသည်။ သို့ဖြစ်လျှင် သေနည်း ပြင်ဆင်ကြပါစို့။ သေနည်း သင်ယူကြမည့်သူများအနေနှင့် ဖော်ပြပါ အချက်သုံးချက်ကို ကြိုးစား လေ့ကျင့်ထားကြဖို့သာလိုပါသည်။

၁။ မရဏာနုဿတိဘာဝနာကို သတိရတိုင်း ပွားပါ။

၂။ လောဘ၊ ဒေါသ၊ မောဟ၏ ဆိုးကျိုးအပြစ်များကို သိအောင်ကြိုးစား၍ မိမိ သန္တာန်မှာအဖြစ်နည်း အောင် အားထုတ်ပါ။

၃။ ဒါန၊ သီလ၊ ဘာဝနာ ဘယ်အရာနှင့်သေမည်ကို ဆုံးဖြတ်ပြီး ကြိုတင်လေ့ကျင့်ပါ။

www.dhammaransi.com



**'မရဏာနုဿတိဘာဝနာ'**

မရဏာနုဿတိဘာဝနာဆိုသည်မှာ မိမိ၏ သေခြင်းတရားကို အဖန်ဖန်အမှတ်ရခြင်းဟု အဓိပ္ပါယ်ရှိပါသည်။ ပွားများနည်းမှာ ငါသည်သေရတော့မည်၊ အချိန်ပိုင်းသာလိုတော့သည်ဟူ၍ လည်းကောင်း၊ ငါ့အား သေခြင်းတရားသည် အမြဲရှိ၏၊ ငါ့အား အသက်ရှင်၍ နေရခြင်းသည် အမြဲမရှိဟူ၍ လည်းကောင်း၊ ငါသည် တစ်ရက်ကုန်သည်နှင့် သေဖို့ရာတစ်ရက်နီးသွား ပါပေါ့လား ဟူ၍ လည်းကောင်း အသုဘရုပ်အလောင်းများကို မြင်သောအခါ၌ ငါသည်ဤသူကဲ့သို့တစ်နေ့တွင်ကေန်မုချ သေဆုံးရမှာပါလား ဟူ၍လည်းကောင်း ပွားများနိုင်ပါသည်။ ဤမရဏာနုဿတိဘာဝနာ ပွားများခြင်းအတွက် လက်ငင်းရရှိမည့် အကျိုးတရားများမှာ သေခြင်းတရားကို ရဲရဲဝံ့ဝံ့ ရင်ဆိုင်ရဲခြင်း၊ ကုသိုလ် တရားကိုမြန်မြန်ပြုလုပ်ဖြစ်ခြင်း၊ အကုသိုလ် အလုပ်များကို ရှောင်ရှားနိုင်ခြင်းတို့ဖြစ်ပေသည်။

www.dhammaransi.com



## သေမှာကြောက်၍ငိုသောဆရာတော်ကြီး

မရဏာနုဿတိဘာဝနာ ပွားမထားလျှင်၊ လူဖြစ်စေ ရဟန်းဖြစ်စေ သေခြင်းတရားနှင့် နဖူးတွေ့၊ ဒူးတွေ့ ရင်ဆိုင်ရသောအခါ သေခြင်းတရားကို ကြောက်ရွံ့ ထိန့်လန့်သော ဒေါသစိတ်ဖြင့် သေရတက်ပါသည်။ စာရေးသူတို့ ရဟန်းဖြစ်စ အချိန်လောက်က သေခြင်းတရားကို အမှုမဲ့အမှတ်မဲ့ နေမိတဲ့ အတွက် သေမှာကြောက်ပြီး ငိုကြွေးရတဲ့ ငယ်ဖြူ ဆရာတော်ကြီးတစ်ပါး အကြောင်းကို ပြောပြရဦးမယ်။

မြို့နယ်စာသင်တိုက်ကြီးတစ်ခုက ဆရာတော် ကြီးတစ်ပါးပါပဲ။ သက်တော် ၆၇-နှစ်၊ သိက္ခာတော် ၄၅-ဝါ ရပါပြီ။ ရောဂါက ရင့်နေတော့ နယ်ဆေးရုံမှာ မနိုင် တော့တာနဲ့ မန္တလေးဆေးရုံကြီးမှာ လာတင်ရတယ်။ ဦးပဥ္စင်းကိုယ်တိုင် တတ်နိုင်သလောက် ပြုစုရပါတယ်။ ရောဂါက လွန်နေပြီလို့ ဆရာဝန်ကြီးက ဦးပဥ္စင်းတို့ လူနာစောင့်တွေကို တိုးတိုး တိတ်တိတ် သတိပေးပါတယ်။ ဒါပေမယ့် ပါးနပ်တဲ့ ဆရာတော်ကြီးက ရိပ်မိသွားတယ်။ သေနည်းကို ကြိုတင်

www.dhammaransi.com



ပြင်ဆင်ထားသူ ဆိုရင်တော့ တုန်လှုပ်မှာ မဟုတ်ပါဘူး။ အနားက လူနာစောင့် တွေ၊ ဒကာ၊ ဒကာမတွေကို ဘေးဖယ်ခိုင်းပြီး သေမင်းကို ရင်ဆိုင်မှာပါ။ အခုတော့ ဆရာတော်ကြီးခမျာ သေခြင်းတရားကို အလေးကြီးထင်ပြီး ပေါ့ပေါ့ တန်တန် နေခဲ့မိလေတော့ သေခြင်းတရားကို သိပ်ကြောက်နေရှာတယ်။

ဘယ်လောက်ထိ ကြောက်နေသလဲဆိုရင် မနက်ဖြန် ပျံလွန်တော်မူမယ်ဆိုရင် ဒီနေ့လိုနေ့မှာ ကလေးတစ်ယောက်လို ရှိုက်ကြီးတငင် ငိုကြွေးပါတယ်။ ငိုကြွေးပေမယ့်လည်း သေဘေးက မလွတ်ပါဘူး။ နောက်ရက်မှာ ပျံလွန်တော်မူ တာပါပဲ။ ကြောက်လန့်တဲ့စိတ်ကို အဘိဓမ္မာအလို တရားကိုယ် ကောက်ရင် ဒေါသစေတသိက်ကို ရပါတယ်။

ဒီဒေါသနဲ့သာသေရင် ငရဲကျရမှာပါ။ ဒါကြောင့် သေခါနီး မှာ ကြောက်ရွံ့ထိတ်လန့်စိတ် မဖြစ်ဖို့ သေနည်းသင်တန်း တက်ရပါမယ်။ အသေပြင်ထား ရပါမယ်။ အသေ

www.dhammaransi.com



အနေနဲ့ မရဏာနုဿတိ ဘာဝနာကို ပွားများထားရပါမယ်။ သေခြင်းတရားကို အဖန်ဖန် အမှတ်ရခြင်းကို မရဏာနုဿတိ ဘာဝနာလို့ ခေါ်ပါတယ်။ 'မသာ တစ်ခေါက်၊ ကျောင်း ဆယ်ခေါက် ဆိုတဲ့ စကားကလေးက မရဏာနုဿတိ ဘာဝနာကောင်းကျိုး ဘယ်လောက်များတယ်ဆိုတာ တိုင်းတာ ပြခြင်းပါပဲ။

အဲဒီစကားရဲ့ လိုရင်း အဓိပ္ပါယ်ကတော့ ကျောင်းကို ဆယ်ခေါက်သွားပြီး ဒါနပြုခြင်း၊ သီလဆောက်တည်ခြင်း ကုသိုလ် ထက် မသာတစ်ခေါက် လိုက်ပို့ရင်း ပွားများလိုက်တဲ့ မရဏာနုဿတိ ဘာဝနာကုသိုလ်က ပိုသာတယ်လို့ ပြော တာပါပဲ။ မရဏာနုဿတိ ဘာဝနာပွားများသူဟာ သေခြင်း တရားနဲ့ ရင်ဆိုင်တဲ့အခါ မတုန်လှုပ် မကြောက်လန့် တော့ပါ ဘူး။

သေခြင်းတရားကို ရဲရဲရင့်ရင့် ရင်ဆိုင်သွားပါတယ်။ အဲဒါဟာ မရဏာနုဿတိ ဘာဝနာပွားများခြင်းရဲ့ ပထမဆုံး ကောင်းကျိုးပါ။ ဒုတိယ ကောင်းကျိုးကတော့ ကုသိုလ်

www.dhammaransi.com



ကောင်းမှု ပြုခွင့်ကြုံလာပြီဆိုရင် အချိန်မဆွဲတော့ပါဘူး။ ချက်ချင်း ပြုဖြစ်ပါတယ်။ တတိယ ကောင်းကျိုးကတော့ မကောင်းမှု အကုသိုလ်မှန်သမျှကို မကြံဖြစ်၊ မပြောဖြစ်၊ မလုပ်ဖြစ်တော့ပါဘူး။

မကောင်းမှု အကုသိုလ်တွေ ကြံရင်း၊ ပြောရင်း လုပ်ရင်းနဲ့ သေသွားရင် ကိုယ်ကျိုးနည်းရချည့်ရဲ့ ဆိုပြီး အကုသိုလ်ကို ကြောက် တဲ့ ဩတ္တပ္ပဆိုတဲ့ သူတော်ကောင်း တရားကြီး ဝင်ရောက်လာလို့ပဲ ဖြစ်ပါတယ်။ ဒီသူတော် ကောင်းတရားကြီးဟာ မရဏာနုဿတိ ဘာဝနာကြောင့် ထင်ထင်ရှားရှား ရောက်လာခြင်း ဖြစ်ပါတယ်။ မရဏာ နုဿတိဘာဝနာ ပွားများခြင်းရဲ့ စတုတ္ထကောင်းကျိုးက တော့ နတ်ရွာသုဂတိကို အလွယ်တကူ ရောက်နိုင်ခြင်းပဲ ဖြစ်ပါတယ်။

ဒီနေရာမှာ မရဏာနုဿတိဘာဝနာရဲ့ ကောင်း ကျိုးနဲ့ ပတ်သက်ပြီး သာဓကတစ်ခု အကျဉ်းချုပ်ပြီး ထုတ် ပြပါမယ်။ ပဋ္ဌကနိပါတ်၊ ဥရဂဇာတ် ပဲဖြစ်ပါတယ်။

www.dhammaransi.com



တစ်နေ့တော့ သာဝတ္ထိပြည်က သူကြွယ်တစ်ယောက်ဟာ သားလေးသေတာကို အကြောင်းပြုပြီး သောက၊ပရိဒေဝမီး တောက်နေရှာပါတယ်။ အဲဒီအခါမှာ ဘုရားရှင် ကြွလာတော်မူပြီး တရားပြတော်မူပါတယ်။

**"အထခေါ အပရိမာဏေသု စက္ကဝါဠေသု တီသု ဘဝေသု အမရဏဓမ္မောနာမ နတ္ထိ၊ တဗ္ဘာဝေနေဝ ဠာတုံ သမတ္ထော ကောသင်္ခါရောပိ သဿတောနာမ နတ္ထိ"**

အထခေါ- စင်စစ်သော်ကား၊ အပရိမာဏေသု- အတိုင်းအရှည် မရှိကုန်သော၊ စက္ကဝါဠေသု- စကြဝဠာ တို့၌၊ တီသု ဘဝေသု- ဘဝသုံးပါးတို့၌၊ အမရဏ ဓမ္မော နာမ- မသေသော တရားမည်သည်ကား၊ နတ္ထိ-မရှိ၊

အတိုင်းအရှည် မရှိတဲ့ စကြဝဠာကြီးထဲမှာ ကာမဘုံ၊ ရူပဘုံ၊ အရူပဘုံဆိုတဲ့ ဘုံသုံးပါး၊ ဘဝသုံးပါလုံးမှာ မသေတဲ့ တရားဆိုတာ မရှိပါဘူးတဲ့။ တဗ္ဘာဝေနေဝ- ထိုမြင်ရသော သူ့သဘောဖြင့် ပင်လျှင်၊ ဌာတုံ - အမြဲတည်စေခြင်းငှာ၊ သမတ္ထော-စွမ်း နိုင်သော၊ ကောသင်္ခါရောပိ- တစ်ပ်းသော

www.dhammaransi.com



သင်္ခါရတရား မှုလည်း၊ သဿတောနာမ- ခိုင်မြဲသော သဘော မည်သည်၊ နတ္ထိ- တစိုးတစိမျှ မရှိချေ။

သူ့သဘောနှင့် သူ မပျက်မစီး အမြဲတည်နေတဲ့ သင်္ခါရ တရားဆိုတာ ဘာလဲ၊ တစ်ခုမှ မရှိပါဘူးတဲ့။ သဗ္ဗေ သတ္တာ မရဏဓမ္မာ- သတ္တဝါမှန်သမျှ သေရတဲ့ သဘော ရှိတယ်။ သဗ္ဗေသင်္ခါရာဘိဇ္ဇနဓမ္မာ- သင်္ခါရတရား အားလုံး ပျက်စီးရတဲ့ သဘောရှိတယ်။ ဒီ သေဆုံး ပျက်စီးရတာ ကလည်း မိမိတစ်ဦး တည်း ကြုံရတာ မဟုတ်ဘူး။ သတ္တဝါ မှန်သမျှ ကြုံနေရတာပဲ ဆိုတာကို ဗုဒ္ဓက ဆက်ဟောကြား ပါတယ်။ အဲဒီ သဘောလေးကို ငုံမိအောင် မင်းကွန်းတိပိဋက ဆရာတော် ဘုရားကြီးက လင်္ကာလေး သီထားပါတယ်။

ရုပ်နာမ်နှစ်ဖြာ၊ ငါးခန္ဓာတို့၊ ဖြစ်လာတိုင်းပင်၊ ကွယ်ချုပ်
ဝင်သည့်၊ ဤသင်္ခါရ၊ သဘာဝကား၊ ဌာနနယ်ရှုံး၊
တစ်နိဂုံးနှင့်၊ ခေါ်ထုံးဝေါဟာ၊ တစ်မြို့ရွာဝယ်၊
မျက်နှာမဲ့လျှင်း၊ တစ်အိမ်တွင်း၌ သင်းသီး သန့်ခြား၊

www.dhammaransi.com



တစ်ကန့်သား၍၊ ဖြစ်ပွားလေ့လာ၊ မဟုတ်ပါဘူး၊
ဗြဟ္မာလူနတ်၊ ထုတ်ချင်းခတ် အောင်၊ ဥပါဒ်စလျှင်၊
ဋ္ဌီသို့ဝင်၍၊ ဘင်္ဂကွဏာ၊ မရဏာဖြင့်၊ ရှုရှုလှုပ်လှုပ်၊
တစ်ချုပ်ချုပ်လျှင်၊ နာမ် ရုပ်နှစ်မျိုး၊ ဖြစ်တိုင်းညှိုးသည်၊
အရိုးအနိစ္စပါ တကား၊ အရိုးဒုက္ခ ပါတကား၊
အရိုးအနတ္တပါတကား။

သူကြွယ်ရဲ့ သောက၊ ပရိဒေဝ၊ အနည်းငယ် ပြေသွားပြီ ဆိုတာနဲ့ ရှေးက ပညာရှိတွေဟာ မိမိသား သေသော်လည်း သေခြင်းသဘောတရား ရှိတဲ့တရားဟာ သေတာပဲ၊ ပျက်စီးခြင်း သဘောတရားရှိတဲ့ တရားဟာ ပျက်စီးတာပဲလို့ ဆင်ခြင်ပြီး စိုးရိမ်သောက မဖြစ်ကြဘူး လို့ အစချီပြီး ဥရဂ ဇာတ်ကို ဟောကြားတော်မူပါသည်။

ဗာရာဏသီပြည်မှာ ဗြဟ္မဒတ်မင်း စိုးမိုးအုပ်ချုပ် နေတဲ့အချိန် မြို့တံခါးအနီးမှာ ပုဏ္ဏားမိသားစု ခြောက် ယောက် ရှိကြတယ်။ ပုဏ္ဏားကြီး၊ ပုဏ္ဏေးမကြီးရယ် သားရယ်၊ ချွေးမရယ်၊ သမီးရယ်၊

www.dhammaransi.com



ကျွန်မလေးရယ်ပေါ့။ ကျွန်မလေးကိုလည်း သမီးတစ် ယောက်လို သဘောထားတော့ မိသားစုလိုပဲ ဖြစ်နေတာပေါ့။ မိသားစုအားလုံးကို ပုဏ္ဏားကြီးက မရဏာနုဿတိဘာဝနာကို ပွားများခိုင်းထားတယ်။

သူကိုယ်တိုင်လည်း အမြဲပွားများတယ်။ ပရိသတ်များလည်း ပွားများတတ်သွားအောင် သင်ပေးခဲ့ပါမယ်။ အားလုံး လိုက်ဆိုပါ။

**မရဏံ မေ ဓုဝံ၊ ဇီဝိတံ မေ အဓုဝံ။**

မေ-ငါ့အား၊ မရဏံ- သေရခြင်း သဘောသည်၊ ဓုဝံ- အမြဲရှိ၏၊ မေ- ငါ့အား၊ ဇီဝိတံ- အသက်ရှင်၍ နေရခြင်းသဘောသည်၊ အဓုဝံ- အမြဲမရှိ။

မြန်မာလို လိုက်ဆိုပါဦး။

ငါ့အားသေရခြင်း သဘောသည် အမြဲရှိ၏။

ငါ့အား အသက်ရှင်၍ နေရခြင်း သဘောသည် အမြဲမရှိ။

www.dhammaransi.com



အဲဒါလေးကို သတိရတဲ့အခါတိုင်း စိတ်ထဲက နေ ရွှတ်ဆိုပွားများနေပါ။ ပုဏ္ဏားကြီးတို့ မိသားစုလည်း အဲဒီလို ပွားများလာကြတာ နှစ်အတော် ကြာသွားကြပြီ ပေါ့။ တစ်နေ့ တော့ သားအဖနှစ်ယောက် လယ်ထဲက အမှိုက်စတွေ စုပြီး မီးရှို့ကြတယ်။ ထွက်လာတဲ့ မီးခိုးတွေက တောင်ပို့ပေါက်ထဲ လေသင့်တော့ ဝင်ကုန်တယ်။ တောင်ပို့ထဲမှာနေတဲ့ မြွေဟောက် က ဒေါသဖြစ်သွားတယ်။

"ငါကို မီးခိုးမွန်အောင် လုပ်တဲ့လူ၊ သေပေတော့" ဆိုပြီး တောင်ပို့ထဲက ထွက်လာပြီး ပုဏ္ဏားကြီးသား ခြေ ထောက်ကို ပေါက်လိုက်တယ်။ အဆိပ်ပြင်းတဲ့ အတွက် ကြောင့် တုံးခနဲ လဲပြီး ချက်ချင်းသေသွားတယ်။ သားသေ တာကို မြင်လိုက်တာနဲ့ ပုဏ္ဏားကြီးက သေခြင်းသဘော တရားရှိတဲ့ အရာဟာ သေရတာပဲ၊ ပျက်စီးခြင်း သဘော တရားရှိတဲ့ အရာဟာ ပျက်စီးရတာပဲ။

ငါ့အား သေရခြင်း သဘောသည် အမြဲရှိ၏။ ငါ့အား အသက်ရှင်၍ နေရခြင်း သဘောသည် အမြဲမရှိ လို့ ပွားများ

www.dhammaransi.com



ရင်း သားအလောင်းကို မီးသဂြိုဟ်ရအောင် ထင်းတွေရှာပြီး ချက်ချင်း ပြင်ဆင်တယ်။ တစ်ချက်မှ မျက် နှာမညိုးဘူး။ မရဏာနုဿတိ ဘာဝနာရဲ့ စွမ်းရည်ပေါ့။ ပြင်ဆင်ပြီးတာနဲ့ အိမ်ဘက်သွားမယ့် လူကြုံတစ်ယောက်ကို မှာလိုက်တယ်။

ပုဏ္ဏေးမကြီးနဲ့ မိသားစုအားလုံး ပန်းနံ့သာ လက်ဆွဲပြီး လယ်ထဲကို လိုက်လာကြပါ။ ထမင်းကိုလည်း တစ်ယောက်စာသာ ထုပ်ခဲ့ပါ" ဆိုတဲ့ အမှာစကားကို ကြားရတော့ ပြော လာသူကို တစ်ချက်ပဲ ပြန်မေးလိုက်တယ်။ "အခုမှာလိုက်သူ ဟာ ပုဏ္ဏားကြီးလား၊ သားကြီးလား" တဲ့။ လူကြုံက "ပုဏ္ဏားကြီးက မှာလိုက်တာပါ" လို့ ဖြေလိုက်တာနဲ့ ပုဏ္ဏေး မကြီးက သိသွားပြီ။ "ယနေ့ ငါ့သားတော့ ဆုံးရှာပြီ" လို့။

## 'သေတာမငိုသော မိသားစု'

မိသားစု အားလုံးကို သားသေကြောင်း အသိပေး ပြောကြားပြီး မီးသဂြိုဟ်ဖို့ ထွက်လာခဲ့ကြတယ်။ ထမင်းက

www.dhammaransi.com



လည်း တစ်ယောက်စာသာ ထုပ်လို့ပေါ့။ လယ်ထဲရောက်တော့ အလောင်းဘေးမှာ ဝိုင်းထိုင်ပြီး တိတ်ဆိတ်ငြိမ်သက်စွာ မရဏာနုဿတိဘာဝနာကို ပွား များကြတယ်။ ရုပ်ပျက်ဆင်းပျက် အော်ဟစ်ငိုဖို့ နေနေသာသာ မျက်ရည်တောင် မလည်ကြပါဘူးတဲ့။ ဘာဝ နာပွားပြီးတာနဲ့ သားအလောင်းကို မီးသဂြိုလ်ကြတယ်။

သူတို့ရဲ့ မရဏာနုဿတိဘာဝနာ တန်ခိုးကြောင့် သိကြားမင်းတောင် မနေနိုင်ဘဲ တာဝတိံသာ ကဆင်းလာပြီး ခရီးသွားအယောင်ဆောင်ကာ ပုဏ္ဏားကြီးကို စမေးတယ်။

"အသင်ပုဏ္ဏားကြီးတို့ မိသားစု ဘာလုပ်နေကြတာပါလဲ"တဲ့။

"လူသေအလောင်းကို မီးသဂြိုလ် နေကြတာပါ"

"ကျွန်ုပ်ကတော့ လူသေ မီးရှို့တယ်လို့ မထင်ဘူး၊ သားကောင်တစ်ကောင်ကို မီးရှို့တယ်လို့ပဲ ထင်တယ်"

www.dhammaransi.com



"မဟုတ်ပါဘူး ခရီးသွားကြီး။ လူသေကောင်ကို မီးရှို့တာပါ"

"လူသေဆိုရင်လည်း အဲဒီသေတဲ့သူဟာ သင်တို့ရဲ့ ရန်သူဖြစ်မယ်ထင်ပါတယ်"

"ရန်သူမဟုတ်ပါဘူး၊ ကျွန်ုပ်ရဲ့သားကြီးပါ"

"သားဆိုရင်လည်း မုန်းစရာကောင်းတဲ့ သားဖြစ်မယ်ထင်ပါတယ်"

"မဟုတ်ပါဘူး၊ လိမ္မာပြီး အလွန်ချစ်စရာကောင်းတဲ့ သားတစ်ယောက်ပါ"

"ဒါဆိုရင် ဖခင်ဖြစ်တဲ့သင်ဟာ ဘာဖြစ်လို့ မငိုတာလဲ"

"မိတ်ဆွေ၊ မြွေဟာ အရေဟောင်းကိုစွန့်ပြီး လိုရာသွားသကဲ့သို့ ကျွန်ုပ်သားသည်လည်း ဘဝဟောင်းကိုစွန့်၍ ဘဝသစ်သို့ သွားခဲ့လေပြီ။ ဤ ရုပ်ကလာပ်သည် ဘာမျှ အသုံးမကျတော့ပေ။ သေလွန်သွားသူအတွက် ငိုကြွေးလို့ ကျွန်ုပ်အတွက် ဘာအကျိုးရှိမှာလဲ၊ ကျွန်ုပ်တို့က ငိုကြွေးနေ

www.dhammaransi.com



သော်လည်း ဘဝတစ်ပါးရောက်သွားသူက ဘာမှ မသိတော့ပေ၊ ဒါ့ကြောင့် မငိုကြွေးခြင်း ဖြစ်ပါတယ် မိတ်ဆွေ"

"အင်း…တော်ပါပေတယ်၊ တော်ပါပေတယ်"

ဟု ပြောကာ ပုဏ္ဏားမကြီးဘက် လှည့်မေးပြန်ပါတယ်။

"အစ်မကြီးနဲ့ ခုသေသွားသူဟာ ဘာတော်ပါသလဲ"

"ကျွန်မဝမ်းမှာ ဆယ်လလွယ်ပြီး မွေးခဲ့ရတဲ့ သားအရင်းပါ"

"သားအရင်းသေတာတောင် မျက်ရည် တစ်စက်မကျတာ ဘယ်လိုကြောင့်ပါလဲ"

"ခရီးသွားကြီး ကျွန်မသားဟာ ကျွန်မကမခေါ်ပဲနဲ့ ဒီဘဝထဲကို ရောက်လာတာပါ၊ အခုလည်း ကျွန်မက မနှင်ဘဲ သူ့ဟာသူ ဘဝတစ်ပါးကို ပြန်သွားခဲ့ပါပြီ၊ အဲဒီလို မခေါ်ဘဲနဲ့လာ၊ မနှင်ဘဲနဲ့ ပြန်သွားသူတစ်ယောက် အတွက် ကျွန်မငိုနေလို့ ဘာမှ အကျိုးမရှိပါဘူး"

www.dhammaransi.com



လို့ဖြေလိုက်တော့ သိကြားမင်းလည်း တအံ့တ သြ ဖြစ်ပြီး သေသူရဲ့ နှမကို မေးမြန်းပါတယ်။

"တူမနဲ့ သေသူ ဘာတော်ပါသလဲ "

"မောင်နှမတော်ပါတယ်"

"ဒါဆိုရင် ကိုယ့်အစ်ကို တစ်ယောက်သေတာ ဘာဖြစ်လို့ မငိုတာလဲ"

" ဦးကြီး သေသူအတွက် ငိုကြွေးပြီး မစားနိုင် မသောက်နိုင်ဖြစ်ရင် ပိန်လှီပြီး ရောဂါရတာပဲ ရှိမှာပေါ့၊ သေသူအတွက်ရော ငိုသူအတွက်ရော ဘာမှ အကျိုးမရှိပါဘူး၊ ကျွန်မနဲ့ စပ်ဆိုင်သမျှ ဆွေမျိုးသားချင်းတွေက ကျွန်မငိုကြွေးတာ ကြည့်ပြီး စိတ်ဆင်းရဲတာပဲ ရှိမှာပါ။ ဒါ့ကြောင့် မငိုကြွေးခြင်း ဖြစ်ပါတယ်"

သိကြားမင်းကတော့ အံ့သြပြီးရင်း အံ့သြရင်း ပေါ့။ တစ်ခါ သေသူရဲ့ မယားဖြစ်သူဘက် လှည့်ပြီး -

"ဒီဘက်က တူမနဲ့ သေသူနဲ့ရော ဘာတော်ပါသ လဲ"

www.dhammaransi.com



"ကျွန်မကို လုပ်ကိုင်ကျွေးမွေးနေတဲ့ ခင်ပွန်းဖြစ်ပါတယ်"

"ကိုယ့်ခင်ပွန်း လင်သားတစ်ယောက် သေတာတောင် ဘာ့ကြောင့် မငိုကြွေးတာလဲ"

"ကောင်းကင်က လမင်းကိုယူပေးဖို့ ပြောပြီး ငိုကြွေးတဲ့ကလေးရယ်၊ သေသူကို အာရုံပြုပြီး ငိုကြွေးတဲ့ သူရယ်ဟာ အတူတူပါပဲ၊ ဘာမှ အကျိုးမရှိပါဘူး၊ ဒါ့ကြောင့် မငိုကြွေးခြင်းဖြစ်ပါတယ်"

"ဒီဘက်က တူမကရော သေသူနဲ့ ဘာတော်ပါသလဲ"

" သေသူဟာ ကျွန်မရဲ့ သခင်တစ်ယောက်ဖြစ်ပါတယ်"

"သခင်တစ်ယောက် သေတာကို ဘာ့ကြောင့် မငိုကြွေးရတာလဲ၊ အသင့်အပေါ်မှာ နှိပ်စက်ကလူပြုခဲ့ တဲ့သူဖြစ်နေလို့များလား"

"အမှုလုပ်တွေအပေါ် မေတ္တာ၊ ကရုဏာနဲ့ စောင့်ရှောက်သူတစ်ယောက် ဖြစ်ပါတယ်၊ မငိုကျွေးရတာက တော့ အစိတ်စိတ်အမွှာမွှာ ကွဲသွားတဲ့အိုးဟာ ဘယ်လို မှ အကောင်းပြန်မဖြစ်တော့သလို သေသူအတွက် ငိုကျွေးနေလို့လည်း အသက်ပြန်ရှင်နိုင်တော့တာ မဟုတ်ပါဘူး၊ ဒါ့ကြောင့် အပိုအလုပ်ဖြစ်တဲ့ ငိုကြွေးခြင်းအလုပ်ကို မလုပ်တာ ဖြစ်ပါ တယ်"

အဲဒီအခါမှာ သိကြားမင်းဟာ သာဓုသုံးကြိမ် ခေါ်ပြီး 'သင်တို့ ရထားတဲ့ တရားကို နားထောင်ချင်လို့ လာခဲ့ခြင်း ဖြစ်ပါတယ်၊ ငါဟာ နတ်တို့ရဲ့ အရှင်သိကြားမင်းပါ၊ သင်တို့သားဟာလည်း နတ်ပြည်ကို ရောက်နေခဲ့ပါပြီ။ သင်တို့လည်း ယနေ့ကစပြီး ဝမ်းရေးအတွက် ဘာမှ မပူကြပါနဲ့တော့၊ သင်တို့မိသားစုအတွက် တစ်သက်စာ ရတနာများကို ပေးခဲ့ပါ့မယ်၊ အကျိုးကြီးလှတဲ့ မရဏာနုဿတိဘာဝနာကို ဆက်လက်ပွားများပြီး ဒါနလည်း ပြုကြပါ၊ သီတင်းသီလလည်း ဆောက်တည်ကြပါ" လို့ မှာကြားပြီး နတ်ပြည်ကို ပြန်သွားခဲ့ပါတယ်။

www.dhammaransi.com



**'လောဘ၏ဆိုးကျိုးများ'**

တစ်စုံတစ်ခုကို လိုချင်တပ်မက်သောစိတ်ဖြင့် သေလျှင် ပြိတ္တာဘုံရောက်သည်။ သတ္တဝါတို့၏ သန္တာန်တွင် ဝိသမလောဘဓာတ်များ အားကြီးလာလျှင် ကမ္ဘာကြီးတစ်ခုလုံး အငတ်ဘေး **ဒုဗ္ဘိက္ခန္တရကပ်** ဆိုက်တတ်သည်။ ထို့ထက် အလွန်ပို၍ အားကြီးလာလျှင် ကမ္ဘာကြီးသည် ရေလွှမ်းမိုး ဖျက်ဆီးခြင်းကို ခံရသည်။

**'ဒေါသ၏ဆိုးကျိုးများ'**

တစ်စုံတစ်ယောက်ကို အမျက်ထွက်သော စိတ်ဖြင့် သေခဲ့လျှင် ငရဲဘုံသို့ ရောက်ရသည်။

သတ္တဝါတို့၏သန္တာန်တွင် ဝိသမဒေါသဓာတ်များ အားကြီးလာလျှင် ကမ္ဘာကြီးတစ်ခုလုံး လက်နက်ဘေး **သတ္ထန္တရကပ်**ဆိုက်သည်။

www.dhammaransi.com



ထိုထက်အလွန် ပို၍အားကြီးလာလျှင် ကမ္ဘာကြီးသည် လောင်မီးကျ၍ ဖျက်ဆီးခြင်းကို ခံရသည်။

**'မောဟ၏ဆိုးကျိုးများ'**

တွေဝေမိုက်မဲသော မောဟစိတ်ဖြင့်သေခဲ့လျှင် တိရစ္ဆာန်ဘုံသို့ရောက်ရသည်။

သတ္တဝါတို့၏သန္တာန်တွင် ဝိသမမောဟစေတ်များ အားကြီးလျှင် ကမ္ဘာကြီးတစ်ခုလုံး ရောဂါဘေး **ရောဂန္တရကပ်** ဆိုက်ရောက်သည်။ ထို့ထက်ပို၍ အလွန်အားကြီးလာလျှင် ကမ္ဘာကြီးသည် လေဖျက်သဖြင့် ပျက်စီးရသည်။

လိုချင်မှု လောဘအဖြစ်နည်းလိုလျှင်၊ မလိုချင်မှု (အလောဘ)အဖြစ်များအောင် လုပ်ရမည်။ လောဘအဖြစ်များလိုလျှင် ဒါနများများပြုပါ။ ပစ္စည်းတစ်ခုကို ပေးလှူတော့မည်ဆိုလျှင် ထိုပစ္စည်းပေါ်တွင် တပ်မက်သော လောဘကို ဖယ်ခွာပြီးမှ ပေးလှူနိုင်သည်။ အလှူတစ်ခု အောင်မြင်

www.dhammaransi.com



သွားခြင်းသည် လောဘတစ်ခုကို အောင်မြင်သွားခြင်းပင် ဖြစ်သည်။ အလှူများများပြုလေ လောဘကို များများ အောင်မြင်လေပင်။

ဤနေရာ၌ သပြေကန်ဆရာတော် ဘုန်းကြီး၏ ဥပဒေသလေးသည် ဘဝအနှစ်သာရ လိုလားကြသူများ အတွက် မီးရှူးတန်ဆောင်အဖြစ် အမြဲတည်ရှိနေပေလိမ့်မည်။

**လက်၏တန်ဆာသည် လက်စွပ်၊ လက်ကောက် မဟုတ်၊ ပေးကမ်းစွန့်ကြဲခြင်းသာ။**
**နား၏တန်ဆာသည် နားကပ်၊ နားဋ္ဌောင်းမဟုတ်၊ တရား ဓမ္မ နာကြားခြင်းသာ။ ကိုယ်၏တန်ဆာသည် ဘယက်ဒွါဒရာ မဟုတ်၊မေတ္တာ,ကရုဏာဖြင့် သူတစ်ပါးအကျိုး ဆောင်ရွက် ခြင်းသာ။**

ကြမ်းတမ်းသောဒေါသ အဖြစ်နည်းလိုလျှင် သိမ်မွေ့ သောအဒေါသ အဖြစ်များအောင် လုပ်ရမည်။ အဒေါသ အဖြစ်များလိုလျှင် မေတ္တာများများပွားပါ။ လူနတ်ဗြဟ္မာ

www.dhammaransi.com



သတ္တဝါအားလုံး စိတ်ချမ်းသာ ကိုယ်ကျန်းမာကြပါစေ။ ဒုက္ခ အမျိုးမျိုးမှ ကင်းလွတ်ကြပါစေ ဟူသောအပိုဒ်ကလေးကို စိတ်ထဲမှာသတိရတိုင်း ရွတ်ဆိုရုံဖြင့် မေတ္တာဘာဝနာပွားခြင်း ဖြစ်နေလေပြီ။ ဂူတစ်ဂူမှာ ခြသေ့်နှစ်ကောင် မအောင်းသကဲ့သို့ စိတ်သည် အာရုံနှစ်ခုမှာ တစ်ပြိုင်တည်း မဖြစ်နိုင်ပေ။

ဒေါသများများဖြစ်နေကျလူ မေတ္တာဘာဝနာဖြစ်ဖို့ မလွယ်ကူသလို၊ မေတ္တာဘာဝနာ များများပွားနေသောသူ သည်လည်း ဒေါသလွယ်လွယ်နဲ့မဖြစ်ပါ။ တွေဝေသောမောဟ အဖြစ်နည်းလိုလျှင် ထိုးထွင်း၍သိသော အမောဟ (ပညာ) အဖြစ်များအောင်လုပ်ရမည်။ အမောဟအဖြစ်များလိုလျှင် သမထ ဘာဝနာ၊ ဝိပဿနာ ဘာဝနာများကို များများ ပွားပေးရပါမည်။ တွေဝေသောမောဟသည် စိတ်အလုပ်မရှိမှသာ ဖြစ်ပေါ်နိုင်သောကြောင့် ဗုဒ္ဓါနုဿတိ၊ မေတ္တာ၊ အသုဘ၊ မရဏာနုဿတိလေးမျိုးတွင် တစ်မျိုးမျိုး ပွားများလိုက်သည်နှင့် ပေါ်မလာတော့ပါ။

www.dhammaransi.com



## 'ဘာဝနာစွမ်းရည်'

မောဟအဖြစ်များသူများ ရောဂါအဖြစ် များပါသည်။ ဘာဝနာများများပွားသူများ ရောဂါကင်းရှင်းပါ သည်။ ကံ၊ စိတ်၊ ဥတု၊ အာဟာရဟူသော ရုပ်ကိုဖြစ်စေ သော အကြောင်း လေးပါးတွင် စိတ်သည် အစွမ်းထက်ဆုံးဖြစ်သည်။ ထို့ကြောင့် စိတ်သန္တာန်က ညစ်နွမ်းသောမောဟ ဖြစ်နေလျှင် ထိုမောဟ ကြောင့်ဖြစ်သော ရုပ်သည်လည်း ညစ်နွမ်းနေသောကြောင့် ရောဂါများ ရခြင်းဖြစ်သည်။စိတ်သန္တာန်က ဖြူစင်သောဘာဝနာ ကုသိုလ်များဖြစ်နေလျှင် ထိုဘာဝနာကြောင့်ဖြစ်သော ရုပ်ရည် သည် ဖြူစင်နေသောကြောင့် ရောဂါကင်းရခြင်းဖြစ်သည်။

ယခုကာလဆရာဝန်များက သေမည်ဟု သတ်မှတ် ထားသောရောဂါရှင်များ ဝိပဿနာတရား အားထုတ်သဖြင့် မသေသည့်အပြင် ရောဂါပါပျောက်သွားခြင်းမှာ အထက်ဖော်ပြ ပါအကြောင်းများကြောင့် ဖြစ်သည်။ တော်ကူးဆရာတော်

www.dhammaransi.com



ဝှေ့နေသောနွားနှစ်ကောင်ကို သွားဆွဲရာမှ တစ်ကောင်သော နွား၏ ဦးချိုဖြင့် ခတ်မိကာ လည်ပင်းမှာ ထုတ်ခြင်းပေါက် သွားခဲ့ရသည်။

တောရွာခေါင်ခေါင်တွင်ဖြစ်သဖြင့် ဆေးရုံရောက် အောင်ထိမသွားတော့ဘဲ မေတ္တာပွားရင်း သေတော့မည်ဟု ဆုံးဖြတ်လိုက်ပါသည်။ ဆုံးဖြတ်ပြီးသည်နှင့် ထိုင်ခုံတွင်မှီ ထိုင်ကာ မေတ္တာဘာဝနာကိုသာ တွင်တွင် ပွားပါတော့သည်။ ဘာဝနာ၏အစွမ်းကား အံ့သြဖွယ်ကောင်းစွ၊ လေးငါးရက် အတွင်းမှာပင် မန်းရည်များ အလိုလိုထွက်ကျပြီး အနာကျက် သွားခဲ့ပါသည်။ ဆေးတကာ ဆေးတို့တွင် ဘာဝနာဆေးကား အကောင်းဆုံးပင် ဖြစ်ပါတော့၏။

**'ဒါနဖြင့်သေခြင်း'**

မဟာဝင်လာ-ဒုဋ္ဌဂါမဏိမင်းကြီးသည် သာသ နာကို ဖျက်ဆီးနေသောကျေးကုလားများ ကို စစ်ပွဲကြီး ၂၈-

ကြိမ်ဆင်နွဲပြီး၊ အပြီးအပြတ် သုတ်သင်ရှင်းလင်းခဲ့ရသည်။ ဧကရာဇ်မင်းကြီး ဖြစ်ပြီး တစ်ညဉ့်တွင် "ငါဟာ များလှစွာသော ကျေးကုလားများကို သတ်ခဲ့ရတယ်၊ ဒီအတွက် နတ်ပြည်မရောက်အောင်တားမြစ်တဲ့ သဂ္ဂန္တရာယ်၊ မဂ်ဖိုလ် မရောက်အောင် တားမြစ်တက်တဲ့ မဂ္ဂန္တရာယ်တွေဟာ ငါ့အပေါ်မှာ ကျရောက် နေကြပါပေါ့လား၊ ကုသိုလ်တရားတွေ ဘယ်လိုပြုပြု အလကားအချည်းနှီး ဖြစ်တော့မယ် ထင်ပါရဲ့" ဟုတွေးတောကာ အိပ်စက်မရဖြစ်နေရှာသည်။

ထိုအကြောင်းကို ပိယင်္ဂုကျွန်းတွင် သီတင်းသုံးသောရဟန္တာတစ်ပါးက ပရစိတ္တဝိဇာနနအဘိညာဏ်ဖြင့် သိတော်မူရာ မင်းကြီး၏ ယုံမှားသံသယကိုပယ်ဖျောက်ရန် ရဟန္တာရှစ်ပါးကို ချက်ချင်းလွှတ်လိုက်လေသည်။ ရဟန္တာရှစ်ပါးတို့ နန်းတော်တွင်းရောက်သည်နှင့် ဒုဋ္ဌဂါမဏိမင်းကြီးက ရိုသေစွာနေရာပေး၍ အကြောင်းကို မေးမြန်းရာ ရဟန္တာရှစ်ပါးက သင်မင်းကြီး၏ ယုံမှားသံသယကို ဖြေဖျောက်ပေးရန် ကြွလာကြောင်း မိန့်ကြားတော်မူကြသဖြင့် မင်းကြီးက အောက်ပါအတိုင်း မေးမြန်းလိုက်ပါသည်။

www.dhammaransi.com



"စစ်ပွဲကြီး နှစ်ဆယ့်ရှစ်ပွဲတို့မှာ များစွာသော လူတွေကို သတ်ဖြတ်ခဲ့တဲ့အတွက် သဂ္ဂန္တရာယ်၊ မဂ္ဂန္တရာယ် မထိုက်ဘူးလားဘုရား၊ သေပြီးနောက် အပါယ်ငရဲသို့ ဧကန်မလွဲ မရောက်ပေဘူးလား ဘုရား"

ထိုအခါ ရဟန္တာရှစ်ပါးက

"ဘာမှမစိုးရိမ်နဲ့မင်းကြီး - သည်လူတွေကို သတ်ရုံမျှနှင့် ပဉ္စာနန္တရိယကံကို မထိုက်ဘူး၊ သဂ္ဂန္တရာယ်၊ မဂ္ဂန္တရာယ် မဖြစ်ဘူး၊ သာသနာတော်ကိုပြုစု၍ ကုသိုလ်တရားကိုသာ ကြိုးစား၍ ပြုပါ"ဟု မိန့်ကြားပြီး သဂ္ဂန္တရာယ်၊ မဂ္ဂန္တရာယ် မဖြစ် နိုင်ခြင်း သေချာသိရန်၊ ဖော်ပြပါဒေသနာ နှစ်ဂါထာကို ဆက် လက်၍ ဟောကြားတော်မူပါသည်။

**သဂ္ဂမဂ္ဂန္တရာယောစ၊ နတ္ထိ တေ တေနကမ္မုနာ။**
**ဒိယဍ္ဎ မနုဇာဝေတ္ထ၊ ဃာတိတာ မနုဇာဒိပ။**

"လူတို့ကိုအစိုးရသောမင်းမြတ်၊ ထိုလူတို့ကို သတ်ဖြတ်ခဲ့သော အကုသိုလ်ကံကြောင့် သင်မင်းကြီးအား သဂ္ဂန္တ

www.dhammaransi.com



ရာယ်၊ မဂ္ဂန္တရာယ် မဖြစ်ပါ။ မိစ္ဆာဒိဋ္ဌိ လူပေါင်းများစွာကို သတ်ခဲ့ပါသော်လည်း လူတစ်ယောက်နှင့် တစ်ခြမ်းကိုသာ သတ်သည် မည်ပါသည်။

**သရဏေသုဋ္ဌိတော ဧကော၊ ပဉ္စသီလေပိ စာ ပရော။**

**မိစ္ဆာဒိဋ္ဌီ စ ဒုဿီလာ၊ သေသာပ သုသမာမတာ။**

လူတစ်ယောက်ဟူသည် သရဏဂုံနှင့် ငါးပါးသီလ မြဲသူဖြစ်၍ ၊ တစ်ခြမ်းဟူသည် သရဏဂုံသာ တည်သောသူတို့ ဖြစ်ပေသည်။ ကြွင်းလူများကား သီလမရှိ မိစ္ဆာဒိဋ္ဌိများသာ ဖြစ်သောကြောင့် တိရိစ္ဆာန်အဆင့်သာ ရှိကြလေသည်။

ရဟန္တာရှစ်ပါးတို့၏ ဖြေရှင်းချက် တရားဒေသနာကို နာပြီးသည်နှင့် ဒုဋ္ဌဂါမဏိမင်းကြီးသည် နန်းသက် နှစ်ပေါင်း ၆၀-အတွင်းကုသိုလ်တရားများကို မနေမနား ကြိုးစားအားထုတ်ပါတော့သည်။ ပြုစုခဲ့သော ကုသိုလ်များထဲမှ ထင်ရှားသောကုသိုလ်များမှာ ကျောင်းတိုက်ကြီးပေါင်း ၉၉-တိုက်၊

www.dhammaransi.com



ထိုတွင် မရိုစဝဋ္ဋိကျောင်းတိုက်ကြီး တစ်တိုက်တည်းကပင် ငွေအသပြာပေါင်း ၁၉-ကုဋေ ကုန်ကျခဲ့သည်။

လောဟပါသာဒ်ခေါ် ကြေးပြသာဒ်ကြီးဆောက်ရာတွင် ကုဋေ ၃၀-ကုန်ကျခဲ့သည်။ ထို့ပြင် ကောဏ္ဍစေတီတော်ကြီးမှစ၍ စေတီတော်ပေါင်းများစွာကိုလည်း တည်ထားတော်မူခဲ့သည်။ ထိုတွင် မဟာစေတီတော်ကြီးတည်ရာတွင်ကား ငွေအသပြာပေါင်း မရေသာအောင် ကုန်ကျခဲ့ပါသည်။ ပြုလုပ်သမျှသော ကုသိုလ်များကို ပေစာတွင် ကမ္မည်းတင်ထားပါသည်။ သေခါနီးအချိန်တွင် တစ်စုံတစ်ယောက်ကိုဖတ်ခိုင်းပြီး အာရုံပြုနိုင်ရန် ဖြစ်သည်။ ဤအချက်သည်ပင် ဒါနဖြင့် အသေပြင်မည့် သူများယူရမည့်နည်းဖြစ်ပါ၏။

ဒုဋ္ဌဂါမဏိမင်းကြီး၏ ဘဝနောက်ဆုံးအချိန်တွင် ကြိုတင်ပြင်ဆင်ထားသည့်အတိုင်း မဟာစေတီရင်ပြင်တွင် သံဃာတော်များကို အပြည့်ပင့်ထားစေကာ သုတ်တော်အမျိုးမျိုးကို ရွတ်ဖတ်သရဇ္ဈာယ်စေသည်။ မင်းကြီး၏အနားမှ

www.dhammaransi.com



စာတော်ဖတ်ကိုလည်း မင်းကြီးပြုခဲ့သော ကုသိုလ်တော်များကို ဖြေးဖြေးမှန်မှန် ဖတ်စေသည်။

ထိုအချိန်မှာပင် ကောင်းကင်က နတ်ရထားခြောက်စင်း ဆိုက်လာသဖြင့် အကောင်းဆုံးနတ်ဘုံကို သံဃာတော်များအား မေးမြန်းတော်မူသည်။

သံဃာတော်များကိုယ်စား ရဟန္တာဖြစ်တော်မူသော အဘယမထေရ်က အရိမေတ္တေယျဘုရားလောင်းရှိသော တုသိတာနတ်ဘုံကို အကောင်းဆုံးအဖြစ် နတ်လမ်းညွှန်ပြလိုက်သဖြင့် တုသိတာနတ်ဘုံသို့ရောက်ရှိကာ တစ်ဘဝ ဇာတ်သိမ်းတော်မူခဲ့ပါသည်။

**'သူတစ်ပါးပြုပေးသောဒါန'**

ဥပရိပဏ္ဏာသအဋ္ဌကထာ-၈၈-တွင် သူတစ်ပါးပြုစု

www.dhammaransi.com



ရောက်သွားသော မုဆိုးဘဝတဖြစ်လဲ ရဟန်းကြီးတစ်ပါး အကြောင်းကို ဖော်ပြထားသည်။ သောဏအမည်ရှိ မထေရ်တစ်ပါးသည် အစေလက ကျောင်းတိုက်၌ သီတင်းသုံး နေထိုင်တော်မူသည်။ ဖခင်ဖြစ်သူ မုဆိုးကြီးကတော့ သား မျက်နှာကိုပင် မထောက်နိုင်ဘဲသားကောင်များကို သတ်ဖြတ် ကာ အသက်မွေးဝမ်း ကျောင်းလျက်ရှိသည်။

အသက်ကြီးကာ မလုပ်နိုင်မကိုင်နိုင်ဖြစ်သော အခါ ကျမှ သားထံလာပြီး ရဟန်းဝတ်လေသည်။ ရဟန်းဝတ် ခွင့်ရသော်လည်း ကုသိုလ်တရားကို စုဆောင်းနိုင်စွမ်းအားကား မရှိတော့ပါချေ။ အကုသိုလ်ရှာမှီးသောနေရာတွင် ရှိသမျှ အားများကို ဖြုန်းတီးခဲ့လေပြီ။ သေခါနီးသောအခါ ပြုလုပ်ခဲ့ သော အကုသိုလ်တို့၏အရှိန်ကြောင့် ကိုက်ခဲမည့်ပုံသဏ္ဌာန် ခွေးနက်ကြီးများ၊ မီးလျှံများ၊ ငရဲသားများကို မြင်ရသဖြင့် ဖောချွေးများပြန်ကာ ငယ်သံပါအောင် အော်ဟစ်နေပါတော့ သည်။

www.dhammaransi.com



ငရဲသွားမည့် ဖခင်ကြီးကို ကရုဏာသက်စွာ ကြည့်နေရင်းမှ သောဏမထေရ်သည် အကြံတစ်ခုရကာ ကိုရင်အချို့ကိုခေါ်ပြီး အော်ဟစ်နေသော ဖခင်ကြီးနှင့်တကွ ကုတင်ကိုပါ စေတီရင်ပြင်ပေါ်သို့ ရွှေ့လိုက်သည်။ တောပန်း၊ တောင်ပန်းများကိုလည်း ကိုရင်များကိုခူးစေပြီး စေတီကိုပန်းပူဇော်လိုက်သည်။ ပြီးသည်နှင့် ဖခင်ကိုယ်စားပန်းများကို စေတီအားပူဇော် ထားကြောင်းဖခင်ကိုအသိပေးလိုက်လေသည်။

"ငါ့အတွက် သားရဟန်းက စေတီကိုပန်းတွေနဲ့ပူဇော်နေတယ်ဆိုပါလား" ဟူသောအသိဝင်လာသည်နှင့် ငရဲနိမိတ်များ ပျောက်ကာ နတ်သားနတ်သမီးများ ထင်လာပြီး နတ်ပြည်သို့ ရောက်ခဲ့ရပါသည်။

အားကိုးစရာ နည်းလမ်းအနေဖြင့် ဖော်ပြခြင်း မဟုတ်ပါ။ ကြိုတင်ပြီး အသေမပြင်မိသူများကို ကြုံတွေ့ခဲ့လျှင်ရလိုရငြား ကယ်တင်ပေးနိုင်ရန် တင်ပြခြင်းဖြစ်ပါသည်။ အမှောင်တွင်း ဝါးလုံးဖြင့် ရမ်းသကဲ့သို့ ထိချင်လည်းထိမည်

www.dhammaransi.com



အရှုံးတော့မရှိပါ။ သောဏမထေရ်၏ ဖခင်မှဆိုးကြီးအဖြစ်သည် သက်သေသာဓကပင် မဟုတ်ပါလော။

**'သီလဖြင့်သေခြင်း'**

**ဣဇ္ဈတိ ဘိက္ခဝေ သီလဝတော စေတောပဏိဓိ ဝိသုဒ္ဓတ္တာ** သီလစင်ကြယ်သူအား စိတ်စင်ကြယ်ခြင်းကြောင့် လိုရာဆန္ဒ ပြည့်ဝရသည်ဟုသော အင်္ဂုတ္တရဒေသနာအတိုင်း သီလစင်ကြယ်သော ပုဂ္ဂိုလ်မြတ်တို့၏ လိုရာဆန္ဒသည် ယခင်ကလည်း ပြည့်ဝခဲ့ကြသည်။ ယခုလည်း ပြည့်ဝဆဲ ဖြစ်သလို နောင်လည်း ပြည့်ဝနေဦးမည်သာ ဖြစ်ပေသည်။

သီဟိုဠ်ကျွန်း ကာဒရသာလကျောင်းတိုက်၌ သီတင်းသုံးသော သက်တော် ၈၀-ဝါတော် ၆၀-ရှိ မထေရ်ကြီး တစ်ပါးသည် ပြင်းထန်လှသောရောဂါကြောင့် ပျံလွန်တော်မူမည်ရှိစဉ် တိဿဘုရင်ကြီးသည် မထေရ်ကြီးကိုဖူးမျှော်ရန်

www.dhammaransi.com



ကျောင်းတိုက်သို့ ရောက်ရှိလာလေသည်။ ကျောင်းပေါ် တက်လိုက်သည်နှင့် ပျံလွန်တော်မူခါနီး မထေရ်ကြီး၏ ရောဂါကြောင့် ငြီးငြူသံကို ကြားသွားခဲ့လေပြီ။ ဝေဒနာကို မှမသိမ်းဆည်းနိုင်သေးသော ပုထုဇဉ်မထေရ်ကြီးကို မရှိခိုးတော့ပါဘူး ဟူသောနှလုံးသွင်းဖြင့် မဟာဗောဓိ ကိုရှိခိုးရန် လှည့်ပြန်သွားလေတော့သည်။

မင်းကြီး၏သဘောထားကို ရိပ်စားမိသွားသော တပည့်ရဟန်းတစ်ပါးက-

"အရှင်ဘုရား တပည့်တော်တို့ကို ဘာဖြစ်လို့ အရှက်ခွဲရတာလဲဘုရား၊ သာသနာကိုရော အရှင်ဘုရားကိုပါ ကြည်ညိုနေတဲ့ မင်းကြီးဟာ ဝေဒနာကိုမသိမ်းဆည်းနိုင်တဲ့ ပုထုဇဉ် မထေရ်ကြီးကို မရှိခိုးချင်ဘူး ဆိုတဲ့သဘောနဲ့ လှည့်ပြန် သွားပါပြီဘုရား"

"ငါ့ရှင်ဝါတော်-၆၀ ရှိသည်အထိ သီလကို ပွတ် သစ်စရှသင်းလို ဖြူစင်အောင် ထိန်းသိမ်းစောင့်ရှောက်ခဲ့တဲ့ ငါ့အတွက် အရဟတ္တဖိုလ်ရဖို့ရာ အခက်အခဲမရှိပေဘူး၊ ငါ့ရှင်

www.dhammaransi.com



အခန်းအပြင် ခဏထွက်ပေးပါ၊ တစ်ခြား ဘယ်သူ့ကိုမှလည်း အခန်းထဲ မဝင်ပါစေနဲ့"

မထေရ်ကြီးသည် ကြီးစွာဖြစ်လာသော သံဝေဂ ဉာဏ်ဖြင့် ရုပ်နာမ်နှစ်ပါးနှင့် ဖြစ်ပေါ်နေသော ဝေဒနာကိုပါ လက္ခဏာရေးသုံးပါးတင်ပြီး ရှုပွားလိုက်ရာ မကြာမီမှာပင် ကိလေသာ အာသဝေါကုန်ခန်း၍ ရဟန္တာအဖြစ်သို့ ရောက် တော်မူပါသည်။ ချက်ချင်းပင် အပြင်သို့ ထွက်သွားသော တပည့်ကို ခေါ်ကာ "ကဲ-ငါ့ရှင်၊ ဒကာတော်မင်းကြီးကို သွားပြောချေ၊ တို့များကို ယခု လာဖူးတွေ့လှည့်ပါလို့"

ရဟန်းငယ်လည်း မထေရ်ကြီး အမိန့်အရ မင်းကြီး အား သွားပြောရလေသည်။ မင်းကြီးလည်း အားရဝမ်းသာ လိုက်လာကာ အထပ်ထပ် အခါခါဖူးမြော်ပြီး အောက်ပါအတိုင်း လျှောက်ထားလိုက်ပါသည်။

"ဆရာတော်ဘုရား ယခု တပည့်တော်ဟာ အရှင် ဘုရားရဲ့ အရဟတ္တဖိုလ်ဂုဏ်ကိုရှိခိုးခြင်း မဟုတ်ပါ။ အရဟတ္တ

www.dhammaransi.com



ဖိုလ်ကို လွယ်ကူစွာရယူပေးနိုင်လောက်အောင် အဆင်သင့် သန့်ရှင်း စင်ကြယ်တော်မူလှသော အရှင်ဘုရား၏ ပုထုဇဉ် ဘဝက ရှိထားခဲ့တဲ့ စတုပါရိသုဒ္ဓိသီလကိုသာလျှင် တပည့် တော် လေးစားကြည်ညိုလှသဖြင့် ရှိခိုးရခြင်း ဖြစ်ပါတယ် ဘုရား"

တိဿဘုရင်ကြီး၏ လျှောက်ထား ချက်အဆုံးမှာပင် မထေရ်ကြီးသည်ခန္ဓာဇာတ်သိမ်းကာ နိဗ္ဗာန်ဓာတ်သို့ ကိန်း တော်မူပါသည်။

သီလံ ရက္ခေယျ မေဓာဝီ၊
ပတ္ထယာနော တယော သုခေ။
ပသံသံ ဝိတ္တလာဘဉ္စ၊
ပစ္စသဂ္ဂေ စ မောဒနံ။

'ထေရဂါထာပါဠိတော်'

www.dhammaransi.com



ရဟန်းရှင်လူ ခပ်သိမ်းသူတို့၏ ချီးမွမ်းခြင်း ပစ္စည်း လေးပါးပေါများခြင်း၊ သေပြီးနောက် နတ်ပြည်ရောက်၍ ဝမ်းမြောက်ရခြင်း သုံးမျိုးတို့ကို အလိုရှိသော ပညာရှိသည် သီလကို သာလုံခြုံအောင် စောင့်ရှောက်ရမည်။

## 'တောင်ဥက္ကလာပက သီတင်းသည်နှစ်ဦး'

ပစ္စည်းလေးပါး အလှူရှင်တစ်ဦး၏ ပြောပြချက် အရ တောင်ဥက္ကလာပမှ သီလဖြင့်သေကြသော အမျိုးသမီးကြီး နှစ်ဦး၏အကြောင်းကို တင်ပြပါဦးမည်။ ပထမတစ်ဦးက ငါးပါးသီလကို အမြဲစောင့်သည်။ ရှစ်ပါးသီလကိုကား ဥပုသ်နေ့တိုင်း စောင့်သည်။ သူ့ ဆုတောင်းသည်က တပည့် တော်မ သေသောအခါ ဘာဝေဒနာမှ မခံစားရဘဲ ဖျိုးကနဲ ဖျက်ကနဲ ချက်ချင်း သေရပါလို၏။ သူ၏ဆုတောင်းအတိုင်းပင် တစ်နေ့တွင် အခန်းတံခါးကို တိုက်မိရင်း လဲကျကာ ချက်ချင်း သေဆုံးသွားပါသည်။ သက်တမ်းပြည့်လည်းနေရပါသည်။

www.dhammaransi.com



ထိုအဖြစ်ကိုမြင်ရသော ဒုတိယတစ်ဦးက သဘောကျကာ ရှစ်ပါးသီလကို အမြဲတမ်းပင် စောင့်ထိန်းတော့သည်။ သူဆုတောင်းသည်က တပည့်တော်မ သေမည့်ရက်ကို ကြိုသိပြီး ဝေဒနာ မခံစားရဘဲ သေဆုံးရပါလို၏။ တစ်နေ့ ရိပ်သာတစ်ခုတွင် စခန်းဝင်နေရင်းမှ ရက်မစေ့ခင် အိပ်ရာလိပ်များသယ်၍ သမီးဖြစ်သူထံပြန်လာသည်။ တရားပက် မစေ့သေးဘဲ ပြန်လာသော မိခင်ကို ကြည့်ပြီး အံ့သြနေသောသမီးကို ထိုအမျိုးသမီးကြီးက "ဘာမှအံ့သြမနေနဲ့ ငါဆရာတော်ကို သေချာ လျှောက်ခဲ့တယ်၊ ငါ့အတွက်နဲ့ ကျောင်းမှာ အလုပ်ရှုပ်နေမှာ စိုးလို့၊ ပြီးတော့ သမီးလည်း အမေမသေခင် တစ်နေ့လောက် ပြုစုခွင့်ရအောင်လို့ ပြန်လာတာ၊ ကဲ-ငါရေချိုးလိုက်ဦးမယ်၊ သမီးကအိပ်ရာပြင်ထားပေတော့"

ရေချိုးပြီး မှာစရာရှိတာမှာ၍ သမီးပြင်ပေးသော အိပ်ရာပေါ် လှဲလိုက်သည်နှင့် ဝိညာဉ်ချုပ်သွားခဲ့ပါသည်။ ဖော်ပြပါအချက်တို့ကို နည်းမှီ၍ သီလဖြင့်အသေပြင်ချင်သူများ

www.dhammaransi.com



ပစ္စည်းနှင့်အင်္ဂါခြေလက်တစ်ခုခုအန္တရာယ်တွေ့လျှင်အင်္ဂါခြေလက်အထိမခံနှင့် ပစ္စည်းအပျက်ခံ။

အင်္ဂါခြေလက်နှင့် အသက်တစ်ခုခုအန္တရာယ်တွေ့လျှင် အသက်အထိမခံနှင့် အင်္ဂါခြေလက်အပျက်ခံ။

အသက်နှင့်သီလ တစ်ခုခုအန္တရာယ်တွေ့လျှင် သီလ အထိမခံနှင့် အသက်အသေခံ။ **'ဘုန်းတော်ကြီး ဦးသီလ'**

**'ဘာဝနာဖြင့်သေခြင်း'**

ဘာဝနာဖြင့် အသေမြတ်ချင်သူများသည် မိမိ အားသန့်ရာ သမထကမ္မဋ္ဌာန်း လေးဆယ်တွင် တစ်ခုခုကိုလည်းကောင်း၊ ဝိပဿနာကမ္မဋ္ဌာန်းကိုင်၄င်း အချိန်များနိုင်သလောက်များအောင် ပွားများထားကြရမည်။သေခါနီးအချိန်တွင်လည်း တခြားအာရုံကို စိတ်အရောက်မခံတော့ပဲ မိမိပွားများနေကျဘာဝနာကို ပွားများနေလိုက်ရုံသာရှိပါသည်။ အမြဲတမ်း

www.dhammaransi.com



ပွားများသော ဘာဝနာကိုမဆိုထားဘိသေခါနီး တခဏမျှ ပွားများရ သောဘာဝနာကြောင့်ဖြပ်ဗွာပြည်ရောက်ရသော သာဓက တစ်ခု ဗုဒ္ဓဘုရားလက်ထက်က ဖြစ်ခဲ့ဖူးသည်။

မဇ္ဈိမပဏ္ဏာသပါဠိတော် ၊နန္ဒာနိသုတ်လာ ဓနဉ္စာနိ ပုဏ္ဏားကြီးအကြောင်းပင်ဖြစ်ပါသည်။ မရဏာသန္နဇော ကျခါနီးတွင်မှပြုခဲ့ရသော ကုသိုလ်တရားတို့ကို အားမရသဖြင့် သေရမှာကြောက်နေရှာသော ဓနဉ္စာနိပုဏ္ဏားကြီးအား အရှင်သာရိ ပုတ္တရာက မေတ္တာကမ္မဋ္ဌာန်းပေးကာ ပွားများစေသည်။ မေတ္တာ ဘာဝနာ၏ ထောက်ပံ့မှုကြောင့် ဓနဉ္စာနိပုဏ္ဏားကြီးသည် ဗြဟ္မာပြည်သို့ရောက်ခဲ့ရပါသည်။

## 'သရဏဂုံဖြင့်သေသော တပ်ကြပ်ကြီးလုရွှေ'

တောင်တန်းဆရာတော်ကြီးထံတွင် နေထိုင်ရင်းဖြင့် အပါယ်မလားသောကုသိုလ်တရားကို အာစိဏ္ဏကံမြောက်

www.dhammaransi.com



အောင် ကြိုးစားအားထုတ်နေသူမှာ အသက် ၄၀-ကျော်မှ ဘာသာရေးတရားကို စတင်ရရှာသော ပင်စင်စား တပ်ကြပ်ကြီး လှရွှေပင်ဖြစ်ပါသည်။ အသက်ကြီးမှ ဘာသာတရားကို လိုက်စားရသဖြင့် ၊ နောင်ဘဝတွင် အပါယ်မလားစေသော အလွယ်ကူဆုံး ကမ္မဋ္ဌာန်းတရားကိုပေးပါ ဆိုသဖြင့် ဆရာတော်ကြီးက သရဏဂုံသုံးပါးကို အမြဲရွတ်ဆို ပွားများနိုင်ရန် သင်ပေးခဲ့ပါသည်။

ဆရာတော်ကြီးထံတွင် နှစ်အတန်ကြာနေပြီးသော အခါ သူ့နေရပ်သို့ပြန်၍ စီးပွားရေးကို ပြန်ကြိုးစားခဲ့သည်။ ထိုသို့ ကြိုးစား၍မှ မကြာမီ ငယ်ရွယ်စဉ် ရှေ့တန်းထွက်စဉ်က ရခဲ့သော ငှက်ဖျားပိုးကြောင့် သရဏဂုံရွတ်ရင်းပင် ဘဝဆုံးခဲ့ရပါသည်။ တောင်တန်း ဆရာတော်ကြီးထံတွင် သင်ခဲ့သော သေနည်းသင်တန်းက သူ့ကို များစွာအထောက်အကူပြုခဲ့သည်။ ဆုံးပြီး နောက်တစ်နေ့မှာပင် ဆရာတော်ကြီး၏ ဒကာတစ်ဦးကို

www.dhammaransi.com



သူနတ်ပြည် ရောက်နေပြီဖြစ်ကြောင်း အိမ်မက်ပေးပြီး ဆရာတော်ကြီးအား လျှောက်ထားစေပါသည်။

ဤမှုဖြင့်ဆိုလျှင် စာရှုသူများအနေဖြင့် ကောင်းစွာအသေပြင်တတ်လောက်ပေပြီ။ နိဂုံးချုပ်အနေဖြင့် မှာချင်သည်မှာ သေဘေးဟူသည် ရှောင်၍လွတ်နိုင်သောအရာမဟုတ်၊ မလွတ်နိုင်မည့်အတူ လာမယ့်ဘေးကို ပြေးတွေ့ရဲအောင် အသေပြင်ကြဖို့အကြောင်း တိုက်တွန်းရင်း '**အသေမြတ်ချင် သေနည်းသင်**' ဟူသော ဆောင်းပါးကို အဆုံးသတ်လိုက်ရပါသည်။

"ဒါယကာ၊ စိတ်ကို မစောင့်ရှောက်လျှင် (ကာယကံ) ကိုယ်ကိုလည်း စောင့်ရှောက်သည် မမည်၊ (ဝစီကံ) နှုတ်ကိုလည်း စောင့်ရှောက်သည်မမည်၊ (မနောကံ) စိတ်ကိုလည်း စောင့်ရှောက်သည်မမည်။ ဤသို့ မစောင့်ရှောက်သူသည် ကောင်းသောသေခြင်း မဖြစ်နိုင်၊ ကောင်းသော ကွယ်လွန်ခြင်း မဖြစ်နိုင်"

www.dhammaransi.com



ကုသိုလ်အလုပ်ဆိုတာ
ဘယ်သူမဆိုလုပ်ရမှာ ပျင်းကြတယ်။
မလုပ်ချင်ပေမယ့် ပေပြီးလုပ်ရတယ်။
အကုသိုလ်ကျတော့
ဘယ်သူမဆို မတိုက်တွန်းရဘူး။
လုပ်ချင်နေကြတယ်။
အကုသိုလ်အလုပ်ဆိုတာလုပ်ချင်ပေမယ့်
ပေပြီးမလုပ်ဘဲရှောင်နေရမယ်။

'မစိုးရိမ်ဆရာတော်ဘုရားကြီး'

ကုသိုလ်ကြောင့် လူဖြစ်လာရသည်ဖြစ်၍
လူနှင့်ကုသိုလ်၊ ကုသိုလ်နှင့်လူသည်
ခွဲခွါ၍မရချေ။
ကုသိုလ်များပျောက်သွားသည်နှင့်

www.dhammaransi.com



လူသည် လူ့လမ်းကြောင်းပေါ်မှ
ဖယ်ခွါသွားရမည်ဖြစ်သည်။

'တိပိဋကမရေ ယောဆရာတော်'

အကုသလ၊ ကုသလ၏၊ ကမ္မဿကာ၊
လက္ခဏာကို၊ မြဲစွာဝမ်းတွင်း၊ နှလုံးသွင်းလော့၊
မပျင်းကုသိုလ်၊ ထိုပုဂ္ဂိုလ်ကား
ကိုယ့်ကိုချစ်သူ၊ မည်သောဟူ၏။

'မဃဒေဝ'

မေတ္တာရှင်(ရွှေပြည်သာ)

၁၂,၁၂,၉၆-ပြီး၊ ည-၉း၄၅-မိနစ်

**ဒေါ်မေကြည်ဝင်း**
**သား-မောင်မျိုးမင်း နှင့်**
**မိသားစုကောင်းမှု**